# The Story of Sindbad the Sailor

# သင်္ဘောသား ဆင်းဘတ်

မောင်ခေတ်ထွန်း



ကလေးလူငယ်စာစဉ် ၂၂

# သင်္ဘောသား ဆင်းဘတ်

## The Story of Sindbad the sailor

**မောင်ခေတ်ထွန်း**


ဖူးပွင့်ဝေဝေစာအုပ်တိုက်

အမှတ်(၄၅)၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တစ်ပြည်လုံးဖြန့်ချိရေး

ရာပြည့်စာအုပ်ဆိုင်

ပန်းဆိုးတန်းလမ်း၊(အထက်)၊ခုံးတံတားအနီး၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ၀၉၇၃၂၄၅၂၈၉၊ ၀၉၄၀၄၄၀၄၇၀၀၊ ၀၁၃၇၅၉၅၂၊(နယ်ဖြန့်ချိရေး)

ဝိုးနှီးဂြဲဂြင်း

ပထမအကြိမ်၊ ၂၀၁၈၊ နိုဝင်ဘာလ

အုပ်ရေ - (၅၀၀)

*

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ၊ (၀၀၆၆၀)

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

*

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် (၀၀၄၂၀)

၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

*

အတွင်းဖလင် - အေဇက်

*

တန်းဖိုး - ၁၀၀၀ ကျပ်



# ဆင်းဘတ် နှစ်ဦး

ဟာရွန်အာရာချစ် ဘုရင် အုပ်စိုးစဉ်က ဘဂ္ဂဒက်မြို့တွင် 'ဆင်းဘတ်' အမည်ရှိသော ကုန်ထမ်းသမားတစ်ဦး ရှိလေသည်။ သူသည် အလွန်ဆင်းရဲရှာသည်။ ကုန်ထမ်း၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးမြူရသည်။

အလွန်ပူပြင်းသော ရာသီ၏ နေ့တစ်နေ့တွင် ဆင်းဘတ်သည် ကုန်များကို သယ်ပိုးနေသည်။ ကုန်ထုပ်များသည် အလွန် လေးလံ၍ မောပန်းနေရှာသည်။ သူသည် ကုန်များကို သယ်ပိုးသွားစဉ် ကြီးမားသော အိမ်ကြီး၏ တံခါးအနီးမှ ဖြတ်လျှောက်သွားမိသည်။ အိမ်ကြီး၏ မျက်နှာစာ မြေကွက်သည် ရှင်းသန့်လျက် ရေဖျန်းထား၍ မြေသည် ညှိ့ညက်နေသည်။ လေကလည်း တဖြူးဖြူး တိုက်ခတ်နေသဖြင့် အမောအပန်းကို ပြေစေလေသည်။ ဆင်းဘတ်သည် အရိပ်ထဲတွင် သစ်သားခုံရှည်တစ်လုံးကို တွေ့မြင်သွားသည်။ ထိုသို့ဖြင့် ဆင်းဘတ်သည် ခေါင်းပေါ်မှ ဝန်ထုပ်ကို ချ၍ ခုံရှည်ပေါ်တွင် ထိုင်လိုက်သည်။ သူသည် လေကောင်းလေသန့်ကို ရှူရှိုက်ရင်း အပန်းဖြေ အနားယူနေလေသည်။

ထိုစဉ် ဆင်းဘတ်သည် အိမ်ထဲမှ သာယာသော တေးသီချင်းများကို ကြားရသည်။ ကျေးငှက်သာရကာများ၏ သီကြွေးသံများကလည်း

နားဝင်ပီယံ ရှိလှသည်။ သူသည် ပျော်ရွှင်ကြည်နူးသွားကာ သူ၏ ဒုက္ခအပေါင်းသည် တစ်မုဟုတ်ချင်း ပြေပျောက်သွားလေသည်။ ထို့နောက် ဆင်းဘတ်သည် ထိုင်ရာမှ ထ၍ တံခါးဝဆီသို့ သွားပြီး အထဲသို့ လှမ်းကြည့်လိုက်သည်။ အလွန်လှပသော ဥယျာဉ်ကြီးကို မြင်တွေ့လိုက်ရလေသည်။ ဥယျာဉ်ကြီးတွင် များစွာသော လူများသည် ကျေးကျွန်များနှင့်အတူ သွားလာလှုပ်ရှားလျက် ရှိကြသည်။

ထိုအချိန်တွင် သူသည် အလွန်တရာ မွှေးကြိုင်လှသော စားကောင်းသောက်ဖွယ် အနံ့ကို ရရှိလိုက်သည်။ ထိုအခါ သူသည် ကောင်းကင်သို့ မော့၍ -


"ကောင်းမြတ်သည့် အရာအားလုံးကို ပေးသနားတော်မူသည့် အို..ဘုရားသခင်၊ အရှင်သည်သာ အလိုရှိတော်မူသည့်အတိုင်း ချမ်းသာမှုနှင့် ဆင်းရဲမှုကို ဖန်ဆင်းတော်မူသည်သာ ဖြစ်၏။ အရှင့်စွမ်းအားသည် အံ့လောက်လှပါဘိ။ အရှင့် ပညတ်ချက်သည် မြင့်မြတ်လှပါဘိ။ အချို့သည် အားအင်ကုန်ခန်း မောပန်း၍ အချို့ ချမ်းသာပျော်ရွှင်ကြပါပေသည်" ဟူ၍ အသံကျယ်ကျယ်ဖြင့် ပြောဆိုလိုက်လေသည်။

ထို့နောက် သူသည် ကုန်ကို သယ်ပိုး၍ ပြန်လည်ထွက်ခွာခဲ့သည်။ ထိုအချိန်တွင် လူငယ်ကလေးတစ်ယောက်သည် အိမ်ထဲမှ သူ့ဆီသို့ ပြေးထွက်လာသည်။ ထို့နောက် ဆင်းဘတ်၏လက်ကို ဆွဲ၍ "ကျွန်တော့်ရဲ့ အရှင်က သင့်ကို ခေါ်နေတယ်။ သင့်ကို စကားပြောချင်လို့တဲ့။ အိမ်ထဲ ဝင်ပါ" ဟု ဆိုလေသည်။

ဆင်းဘတ်သည် အလွန်ကြောက်ရွံ့သွားသည်။ သူ့အသံ ကျယ်လောင်စွာဖြင့် ပြောဆိုမိသည်ကို သတိရသွားသည်။ သူသည် ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်သည်။ သို့သော် ကျေးကျွန်ကလေးက သူ့လက်ကို ဆွဲကာ တံခါးပေါက်အတွင်းသို့ အတင်းဆွဲခေါ်နေသည်။ ထိုသို့ဖြင့် ဆင်းဘတ်သည် ဝန်ထုပ်ကို တံခါးစောင့်ထံ အပ်ထားခဲ့ကာ လူငယ်ကလေး ခေါ်ဆောင်ရာ အိမ်ထဲသို့ လိုက်ပါလာခဲ့လေသည်။ အထဲသို့ရောက်သော်

ဆင်းဘတ်သည် တစ်ခါမျှ မမြင်ဖူးသည့် ကြီးကျယ်ခမ်းနားမှုကို မြင်တွေ့နေရလေသည်။

ကျေးကျွန်ကလေးသည် သူ့ကို ခန်းမကြီးတစ်ခုဆီသို့ ခေါ်ဆောင်သွားလေသည်။ ခန်းမကြီးထဲ၌ကား မြင့်မြတ်သော မဟာမျိုး မဟာနွယ် အရှင်သခင်များသည် စားပွဲရှည်ဘေး ထိုင်ခုံများတွင် ထိုင်နေကြသည်။ စားပွဲပေါ်တွင်ကား အစားအစာ အမျိုးမျိုး၊ သစ်သီး၊ ချိုချဉ်အမျိုးမျိုးဖြင့် စားချင့်စဖွယ် ပြင်ဆင်ထားသည်။ ပန်းမျိုးစုံကလည်း ဝေဝေဆာဆာ ရနံ့ဖြာ၍ သာယာလှပနေပေသည်။ ထိုအခန်းတွင်း၌ ပျော်ရွှင်ရယ်မောသံများဖြင့် ပြည့်လျှမ်းနေသည်။ လှပသော ကျွန်မိန်းမပျိုကလေးများသည် အရှင်သခင်များထံသို့ စားဖွယ်သောက်ဖွယ်များကို ယူဆောင်ပေးလျက် ရှိနေသည်။ ထို့နောက် မိန်းမပျိုကလေးများသည် သီချင်းများ သီဆိုကခုန်၍ အရှင်သခင်များအား ပျော်တော်ဆက်ကြလေသည်။



စားပွဲ၏ ပထမဆုံးခုံတွင် အရပ်ရှည်ရှည်၊ လူရည်သန့်သန့် လူကြီးတစ်ယောက်က ထိုင်နေသည်။ သူ့မုတ်ဆိတ်မွေးများကား ဖြူဆွတ်လျက်။ သူ့မျက်လုံးသည် စူးရှသည့် အသွင်ကို ဆောင်နေသည်။ သူသည် ဘုရင်တစ်ဦး ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကုန်ထမ်းသမား ဆင်းဘတ်သည် အလွန်ကြောက်ရွံ့သွားသည်။ "ဒီနေရာဟာ ဘုရင်ကြီးရဲ့ နန်းတော်၊ ဒါမှမဟုတ်ရင် ကောင်းကင်ဘုံတစ်ခုခု ဖြစ်ရမယ်"ဟု တစ်ကိုယ်တည်း တွေးမိလေသည်။ ဆင်းဘတ်သည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အကြီးဆုံး ပုဂ္ဂိုလ်ကြီးအား ဦးညွတ်အလေးပြုလိုက်လေသည်။ ထို့နောက် ဆင်းဘတ်သည် လူအားလုံးရှေ့တွင် ခေါင်းကို မြေနှင့်ထိ၍ ဦးခိုက်ပြီးနောက် သူတို့ရှေ့တွင် ခေါင်းငုံ့၍ ရပ်နေလေသည်။

ထိုအခါ အကြီးဆုံး ပုဂ္ဂိုလ်ကြီးသည် ဆင်းဘတ်ကို သူ့အနားတွင် လာရောက်ထိုင်ရန် ချိုသာစွာ ဖိတ်ခေါ်လိုက်သည်။ ထို့နောက် ပုဂ္ဂိုလ်ကြီးသည် သူ့အစေအပါးများအား စားကောင်းသောက်ဖွယ်များ ယူလာရန် အမိန့်ပေးလိုက်သည်။ မကြာမီ စားသောက်ဖွယ်ရာများသည် ဆင်းဘတ်ရှေ့သို့ ရောက်ရှိလာသည်။ ဆင်းဘတ်သည် ဘုရားသခင်ကို ကျေးဇူးအထူးတင်မိသည်။ သူသည် စားကောင်းသောက်ဖွယ်ရာများကို အားရပါးရ စားသုံးလေသည်။ ထို့နောက် ဆင်းဘတ်သည် "ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ခုလို စားကောင်းသောက်ဖွယ်များကို စားသုံးရပေတယ်"ဟုဆိုကာ လက်များကို ဆေးကြော၍ အားလုံးကို ကျေးဇူးတင်ရှိကြောင်း လိုက်လံပြောဆိုလေသည်။

ထိုအခါ အိမ်၏ အရှင်သခင် ပုဂ္ဂိုလ်ကြီးက ဆင်းဘတ်အား "သင့်အတွက် ပျော်ရွှင်စရာ နေ့မြတ်မင်္ဂလာဖြစ်ပါစေ။ ဒါနှင့် မောင်မင်းရဲ့ အမည်နာမကိုလည်း ပြောပါဦး။ ဒီမြို့မှာ ဘာများ လုပ်ကိုင်စားသောက်ပါသလဲ"ဟု မေးလေသည်။



ဆင်းဘတ်က ''အရှင်..ကျွန်တော်မျိုးရဲ့ အမည်ဟာ ကုန်ထမ်းသမား ဆင်းဘတ် ဖြစ်ပါတယ်။ တစ်ပါးသူရဲ့ ဝန်ထုပ်တွေကို ကျွန်တော်မျိုးရဲ့ ခေါင်းပေါ်တင်ပြီး သယ်မပေးပါတယ်။ ကုန်သယ်ပိုးလို့ ရတဲ့ငွေနှင့် အသက်မွေးမြူပါတယ်''ဟု ပြောဆိုလေသည်။

သခင်ကြီးလည်း ဆင်းဘတ်၏စကားကို ကြားသော် ပြုံးရယ်၍ ''အိုး..ကုန်ထမ်းသမား ဆင်းဘတ်၊ မင်းနာမည်ဟာ ငါ့နာမည်နှင့် အတူတူပါပဲလား။ ငါ့နာမည်က သင်္ဘောသား ဆင်းဘတ်၊ ငါ့ဘဝဟာ စိတ်ဝင်စားဖွယ်ရာများနှင့် ပြည့်နေတယ်။ အဲဒီအကြောင်းတွေကို မင်းကို ငါပြောပြမယ်။ ငါဟာ ဒီလိုကြီးကျယ်တဲ့ ဘဝကို မရောက်မီ မင်းမြင်သလို ဒီလို ခမ်းခမ်းနားနားနှင့် မနေနိုင်မီတုန်းက ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတယ်။ ငါဟာ ကြီးကျယ်တဲ့ အလုပ်တွေကို လုပ်ခဲ့တယ်။ ပင်လယ်ခရီးကို အကြိမ်ကြိမ် သွားရောက်ခဲ့တယ်။ ပင်လယ်ခရီးတိုင်းမှာ အံ့သြစရာ တစ်ခုခုတော့ ကျန်ခဲ့တာချည်းပဲ။ လူတစ်ယောက်စီဟာ ကံဆိုးကံကောင်းကို မလွဲမသွေ ကြုံကြရတယ်။ ဘယ်သူမှ လွဲရှောင်လို့ မရဘူး။ ပင်လယ်ခရီးတိုင်းမှာ ဒါကို ကြုံရတာပဲ။ ကံဆိုးကံကောင်းတာ ဒွန်တွဲနေတယ်။ အခု မင်းကို မီဟာဂျန် ဘုရင်ကြီးရဲ့ တိုင်းပြည်မှာ တွေ့ကြုံရတဲ့ အဖြစ်အပျက်ကို ပြောပြမယ်။ နားထောင်''ဟုဆိုကာ ဆင်းဘတ်အား သူ့ဘဝအတွေ့အကြုံကို ပြောပြလေတော့သည်။

❖ ❖ ❖

# ဘုရင် မီဟာဂျန် တိုင်းပြည်၏ ပုံပြင်တစ်ပုဒ်

ကျွန်ုပ်၏ဖခင်မှာ ကုန်သည်တစ်ဦး ဖြစ်သည်။ မြို့လူကုံထံ ချမ်းသာသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ကျွန်ုပ်သည် ချမ်းသာသော မိသားစုမှ ပေါက်ဖွားလာသူဟု ဆိုရမည်ဖြစ်သည်။ ကျွန်ုပ်ဖခင်တွင် ရွှေ၊ ငွေ ပစ္စည်းဥစ္စာများ ကုံလုံကြွယ်ဝသည်။ သို့သော် ကျွန်ုပ် ငယ်ငယ် အရွယ်မှာပင် ကျွန်ုပ်၏ဖခင်မှာ ကွယ်လွန်သွားခဲ့သည်။ ရွှေ ငွေ ပစ္စည်းဥစ္စာ များနှင့် အိုးအိမ်မြေယာများ များစွာကျန်ရစ်ခဲ့သည်။ ကျွန်ုပ်ကြီးပြင်းလာ သောအခါ ထိုဥစ္စာပစ္စည်းများသည် ကျွန်ုပ်၏လက်ထဲသို့ အလိုအလျောက် ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်သည်နေ့စဉ် အကောင်းဆုံး စားသောက်ဖွယ်ရာ များကို စားသုံးသည်။ အကောင်းဆုံး အဝတ်အစားများကို ဝတ်ဆင်သည်။ နေ့စဉ် ကျွန်ုပ်နှင့်ရွယ်တူ မိတ်ဆွေများကို အိမ်သို့ခေါ်ကာ ပျော်ကြပါးကြ သည်။ ငွေများကို ရေလိုသုံးကြသည်။ ကျွန်ုပ်သည် ထိုဘဝမျိုး ထာဝရရှိ နေလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ ထိုသို့ဖြင့် ကျွန်ုပ်သည် အပေါင်းအသင်း များဖြင့် သုံးဖြုန်းပျော်ပါးလာခဲ့သည်မှာ အချိန်ကြာညောင်းလာခဲ့သည်။ ရွှေ၊ ငွေ ဥစ္စာပစ္စည်းများမှာလည်း ကုန်ခန်းသွားပြီဖြစ်သည်။ ကျွန်ုပ်ပိုင် ပစ္စည်းဟူ၍ ဘာမျှမကျန်တော့ပေ။ နောက်ဆုံးတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ မိုက်မဲမှုမှ နိုးထလာခဲ့သည်။ သို့သော် နှောင်းခဲ့လေပြီ။ ကျွန်ုပ်သည် ကြီးစွာ

နောင်တရခဲ့သည်။ ကြီးစွာ ဝမ်းနည်းကြေကွဲနေမိသည်။ ကျွန်ုပ် ဘာလုပ်ရ မှန်းမသိ ဖြစ်နေမိလေသည်။ သို့သော် နောက်ဆုံးတွင် ဒေးဗစ်၏သားတော် အရှင်ဆော်လမွန်၏ ဟောပြောချက်သည် ကျွန်ုပ်၏ခေါင်းထဲသို့ ရောက်ရှိ လာသည်။ ထိုဟောပြောချက်ကို ကျွန်ုပ်၏ဖခင်ထံမှတစ်ဆင့် ကြားခဲ့ရခြင်း ဖြစ်သည်။

အရှင်ဆော်လမွန်၏ ဟောပြောချက်မှာ -

၃-၈ဏန်းထက် အရာဝတ္ထုသုံးခုက ပို၍ တန်ဖိုးရှိသည်။

မွေးဖွားသည့်နေ့ရက်ထက် သေဆုံးသည့်နေ့ရက်က ပို၍ကောင်း လှသည်။

အသေကောင်ခြင်္သေ့ထက် ရှင်နေသည့်ခွေးက ပို၍တန်ဖိုးရှိသည်။

လိုချင်တပ်မက်မှုထက် လူသေမြှုပ်ထားသည့် အုတ်ဂူက ပို၍ ကောင်းသည်။

ထိုသို့ဖြင့် ကျွန်ုပ်သည် ကျွန်ုပ်ထံတွင် နောက်ဆုံးကျန်ရှိနေသော ပစ္စည်းများကို ထုခွဲရောင်းချလေသည်။ ကျွန်ုပ်သည် ထိုငွေဖြင့် တိုင်း တစ်ပါးသို့ ထွက်ခွာ၍ ကုန်ကူးသန်းရောင်းဝယ်လျှင် များစွာ အမြတ်အစွန်း ရရှိလိမ့်မည်ဟု ယုံကြည်ထားသည်။ ကျွန်ုပ်သည် ကဗျာဆရာတစ်ဦး၏ ကဗျာတစ်ပုဒ်ကို သွား၍သတိရမိသည်။ ထိုကဗျာက ကျွန်ုပ်၏ခွန်အားများ ကို ပိုမိုပြည့်ဝစေအောင် ဖန်တီးပေးသည်။ ကြိုးစားလျှင် ဘယ်အရာမဆို အောင်မြင်မည်ကို ဖော်ကျူးထားသည်။ ထိုကဗျာကလေးမှာ -

ထိပ်တန်းသို့ရောက်လိုသူ၊ ထင်ပေါ်ကျော်ကြားလိုသူတို့အတွက် အိပ်ချိန်ဟူ၍ မရှိပေ။

ရည်မှန်းချက်ပျောက်နေသူ၊ အိပ်စက်ပျင်းရိနေသူတို့အဖို့ အောင်မြင် မှုကို ခက်ခဲစွာ ရယူရမည်သာ ဖြစ်သည်။

ထိုသို့ဖြင့် ကျွန်ုပ်သည် တိုင်းတစ်ပါးသို့ ကုန်ကူးသန်းရောင်း ဝယ်ရန် ကုန်ပစ္စည်းများကို ဝယ်ယူစုဆောင်းလေတော့သည်။ ထိုစဉ် သင်္ဘောတစ်စင်းသည် ကုန်သည်မြောက်မြားစွာကို တင်ဆောင်၍ ခရီးထွက်

တော့မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကုန်ပစ္စည်းများကို သင်္ဘောပေါ်သို့ တင်လေသည်။ မကြာမီ ကျွန်ုပ်တို့ကို တင်ဆောင်လာသော ကုန်တင်သင်္ဘောကြီးသည် ဘာဆာရာမြို့သို့ ထွက်ခွာလာခဲ့လေသည်။ ကျွန်ုပ်တို့ကုန်သည်များသည် သင်္ဘောတစ်စင်းပြီးတစ်စင်း ပြောင်းလဲပြီး စီးခဲ့ရသည်။ ရက်ပေါင်း၊ ညပေါင်းများစွာ သင်္ဘောလွှင့်ခဲ့ရသည်။ ပင်လယ် တစ်ခုပြီးတစ်ခု ဖြတ်သန်းလာရသည်။ ကျွန်းပေါင်းများစွာ၊ ဆိပ်ကမ်းပေါင်းများစွာတို့ကို ဖြတ်သန်းလာရသည်။ ကျွန်ုပ်တို့သည် ရောက်ရှိလေရာ ကျွန်းများတွင် ကျွန်ုပ်တို့တွင်ပါလာသော ကုန်ပစ္စည်းများကို ရောင်းချကြသည်။ ထိုကျွန်းမှ ထွက်ကုန်ပစ္စည်းများကို ဝယ်ယူကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခရီးပန်းတိုင်ဖြစ်သည့် ကျွန်းတစ်ကျွန်းသို့ မရောက်မချင်း ခရီးဆက်လက် ထွက်ခွာလာသည်။ ထိုကျွန်းသည် နတ်နန်းဥယျာဉ်ကြီးကဲ့သို့ လှပဆန်းကြယ်လှသည်ဟု ဆိုသည်။



ထိုသို့ဖြင့် မကြာမီ ကျွန်ုပ်တို့သည် ကျွန်းတစ်ကျွန်းသို့ ရောက်ရှိလာသည်။ သင်္ဘောကပ္ပတိန်သည် သင်္ဘောကို ကျွန်း၏ကမ်းခြေသို့ ထိုးကပ်လိုက်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်းပေါ်သို့ တက်လိုက်ကြသည်။ ကျွန်းပေါ်တွင် တချို့သည် မီးမွှေး၍ အစားအစာ ချက်ပြုတ်ကြသည်။ တချို့သည် အဝတ်များချွတ်၍ ပင်လယ်ကမ်းစပ်တွင် ရေဆင်းကူးကြသည်။ တချို့သည် ကမ်းစပ်တွင် အဝတ်များကို လျှော်ဖွပ်ကြသည်။ တချို့သည် ကျွန်းပေါ်တွင် လမ်းလျှောက်လှည့်လည် ကြည့်ရှုကြသည်။ ကျွန်းကြီးပေါ်တွင် စားသောက်စရာ သီးနှံပင်များ ပေါကြွယ်ပြည့်ဝလျက်ရှိသည်။ မြူးထူးပျော်ပါးစရာ၊ အိပ်စက်အနားယူစရာ ကောင်းလှသည်။

ကျွန်ုပ်သည် ကျွန်းပေါ်တွင် လှည့်လည်ကြည့်ရှုလျက်ရှိသည်။ ထိုစဉ် သင်္ဘောပေါ်မှ သင်္ဘောကပ္ပတိန်၏ ကျွန်ုပ်တို့အားခေါ်သံကို ကြားရသည်။

"ဟေ့..မင်းတို့အားလုံး၊ အသက်မသေချင်ရင် ဒီကို အမြန်ဆုံးပြေးလာခဲ့ကြ။ မင်းတို့ အစာရေစာတွေ ထားခဲ့ကြ။ မင်းတို့အသက်ဟာ အရေးအကြီးဆုံးပဲ။ ဘုရားသခင်က ကယ်မတာပဲ။ မင်းတို့တက်နေတဲ့ ဒီကျွန်းကြီးဟာ ကျွန်းအစစ်မဟုတ်ဘူး။ ပင်လယ်ပြင်ရဲ့ အလယ်မှာ အလွန်ငြိမ်သက်စွာရှိနေတဲ့ ကျွန်းလောက်ကြီးမားတဲ့ ငါးကြီးတစ်ကောင်သာ ဖြစ်တယ်။ သူ့ကိုယ်ပေါ်မှာ ရွံ့တွေ၊ မြေကြီးတွေ ဖုံးလွှမ်းနေပြီး နှစ်ပေါင်းများစွာ သစ်ပင်တွေ ပေါက်ရောက်ဖြစ်ထွန်းနေတာ ဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်းနဲ့တူနေတာ ဖြစ်တယ်။ ဒါပေမယ့် မင်းတို့က ဒီငါးကြီးရဲ့ကိုယ်ပေါ်မှာ မီးမွှေးကြတော့ ငြိမ်သက်နေတဲ့ ငါးခန္ဓာကိုယ်ကြီးဟာ ပူလာလို့ လှုပ်လာတာဖြစ်မှာပေါ့။ ဒီငါးကြီးဟာ မကြာခင် ရေထဲကို ငုပ်သွားတော့မှာဖြစ်တယ်။ အဲဒီအခါမှာ မင်းတို့လည်း ရေနစ်သေကုန်ကြမှာဖြစ်တယ်။ ဒါကြောင့် မင်းတို့မသေချင်ရင် ပစ္စည်းပစ္စယတွေကို စွန့်ပြီး အမြန်ဆုံး သင်္ဘောဆီကို ပြန်လာခဲ့ကြတော့"ဟု သင်္ဘောကပ္ပတိန်၏ အော်ဟစ်ပြောဆိုသံကို ကြားကြရလေသည်။

ကျွန်ုပ်တို့အားလုံးသည် သင်္ဘောကပ္ပတိန်၏ သတိပေးစကားကို ကြားသော် ကျွန်ုပ်တို့အားလုံး အန္တရာယ်ကျရောက်နေပြီဖြစ်ကြောင်း သိရှိသွားကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသုံးအဆောင်ပစ္စည်းများဖြစ်သော အိုးခွက်ပန်းကန်များ၊ အင်္ကျီအဝတ်အစားများကို ကျွန်းပေါ်တွင် ထားရစ်ခဲ့ကြကာ သင်္ဘောဆီသို့ အမြန်ဆုံးပြေးလာခဲ့ကြလေသည်။

တချို့သည် သင်္ဘောပေါ်သို့ ရောက်ရှိကြသည်။ တချို့က ကျွန်းဟု ထင်ရသော ငါး၏ခန္ဓာကိုယ်ကြီးပေါ်တွင် ကျန်ရစ်ခဲ့ကြသည်။ ကျွန်ုပ်လည်း သင်္ဘောပေါ်သို့ မရောက်ခဲ့ပေ။ ငါးကြီး၏ခန္ဓာကိုယ်ပေါ်တွင် ကျန်ရစ်ခဲ့လေသည်။ မကြာမီ ကျွန်ုပ်တို့ခြေထောက်အောက်ရှိ ငါး၏ခန္ဓာကိုယ်ကြီးသည် လှုပ်လာလေသည်။ ထို့နောက် ငါးကြီးသည် ရေအောက်သို့ ငုပ်လျှိုးသွားလေသည်။ ကျွန်ုပ်တို့လည်း ငါးကြီးနှင့်အတူ ရေထဲသို့ ပါသွားလေသည်။



ကျွန်ုပ်တို့သည် လှိုင်းလုံးကြီးများ၏ ဖိအားကြောင့် ရေအောက်သို့ နစ်မြုပ်ကုန်ကြသည်။ နောက်ဆုံး ကျွန်ုပ်တို့သည် ပင်လယ်အောက်သို့ ရောက်ရှိသွားကြသည်။ သို့သော် ကျွန်ုပ်အတွက် ကံကောင်းသည်ဟု ဆိုရမည် ဖြစ်သည်။ သေကံမရောက် သက်မပျောက်သေးဟုပင် ဆိုရမည် ဖြစ်သည်။ ကျွန်ုပ်သည် နောက်တစ်ဖန် ရေပေါ်သို့ ပြန်ပေါ်လာသည်။ ထိုစဉ် ရေပြင်ပေါ်တွင် သစ်သားတုံးကြီးတစ်တုံးသည် မျောပါလာသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် သစ်သားတုံးကြီးကို ဖက်တွယ်လိုက်သည်။ ထို့နောက် သစ်သားတုံးကြီးကို မြင်းစီးသကဲ့သို့ ခွစီးပြီး ခြေဖြင့်ခတ်ကာ ရှေ့တူရှုသို့ ခရီးဆက်ခဲ့သည်။

သင်္ဘောကြီးကား ထွက်ခွာသွားလေပြီ။ ကျွန်ုပ်သည် သင်္ဘောကြီးကို မီအောင်ခြေလက်တို့ဖြင့် ခတ်ကာ ကြိုးပမ်းခဲ့၏။ သို့သော် အချည်းအနှီးပင်။ မကြာမီ သင်္ဘောကြီးသည် ကျွန်ုပ်၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ကျွန်ုပ်သည် မကြာမီ သေရတော့မည်ဟု တွေးမိကာ များစွာ ဝမ်းနည်းကြောက်ရွံ့သွားလေသည်။

ထိုသို့ဖြင့် ကျွန်ုပ်သည် သစ်သားတုံးကြီးကို ဖက်တွယ်လျက် မျောပါလျက်ရှိသည်။ မကြာမီ မှောင်လာသည်။ ညသို့ရောက်ရှိတော့မည် ဖြစ်သည်။ တစ်ညလုံး လှိုင်းလေပြင်းထန်လျက်ရှိသည်။ ကျွန်ုပ်သည် တစ်ညလုံး လှိုင်းဒဏ်လေဒဏ်ကို အလူးအလဲ ခံနေရသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ကျွန်းတစ်ကျွန်း၏ ကမ်းခြေပေါ်တွင် ရောက်ရှိနေသည်ကို သိရသည်။ ရေစပ်တွင် သစ်ပင်ချုံနွယ်ပင်များ ပေါက်ရောက်လျက်ရှိသည်။ ကျွန်ုပ်သည် သစ်ကိုင်းသစ်ခက်များကို ဆွဲကိုင်၍ ကျွန်းပေါ်သို့တက်ခဲ့သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် အားအင်ကုန်ခန်းကာ သေလုမျောပါးအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကျွန်ုပ်၏ ခြေထောက်တစ်ခုလုံးသည် ငါးများကိုက်ထား၍ ဒဏ်ရာများဖြင့် ပြည့်နှက်နေကာ နာကျင်ကိုက်ခဲလျက်ရှိသည်။ ခြေထောက်ကို လုံးဝမသယ်ချင်တော့ပေ။ မကြာမီ ကျွန်ုပ်သည် မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေ

သည်။ ကျွန်ုပ်သည် နှစ်ရက်ခန့် မေ့မြောနေလေသည်။ နောက်နေ့ နေထွက်လာချိန်တွင် ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံး ပူနွေးမှုကို ခံစားရပြီး ကျွန်ုပ်သည် ပြန်လည်သတိရလာခဲ့သည်။ ကျွန်းပေါ်တွင် စားဖွယ်ရာ သစ်သီးဝလံများ ပေါကြွယ်ဝလျက် ရှိသည်ကို တွေ့မြင်ရသည်။ ရေကလည်း ချိုအေးလှသည်။ ကျွန်ုပ်သည် သစ်သီးများကို ဆွတ်ယူစားသုံးသည်။ ချိုအေးသောရေကို အဝသောက်ပစ်လိုက်သည်။ အစာမစားရသည်မှာ ကြာပြီဖြစ်၍ ကျွန်ုပ်သည် စားဖွယ်ရာများကို မြိန်ရေရှက်ရေ စားသုံးနေသည်။ ကျွန်ုပ်သည် ထိုကျွန်းတွင် ကောင်းစွာသွားလာ လှုပ်ရှားနိုင်သည်အထိ ရက်ပေါင်းများစွာ နေခဲ့ရသည်။

ကျွန်ုပ်သည် ကျွန်းပေါ်တွင် ရှိနေစဉ် ကျွန်းပေါ်အနှံ့ လှည့်လည်ကြည့်ရှုသည်။ ထိုကျွန်းသည် ဘုရားသခင်က ဖန်ဆင်းပေးထားသကဲ့သို့ သစ်သီးဝလံပန်းမန်များဖြင့် စိုပြည်သာယာလျက် ရှိနေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ကမ်းခြေ၌ လမ်းလျှောက်နေစဉ် ပင်လယ်သားကောင်တစ်ကောင်၊ သို့မဟုတ် တောရိုင်းတိရစ္ဆာန်တစ်ကောင်ကို အဝေးတွင် လှမ်းမြင်ရသည်။ ကျွန်ုပ်သည် အနီးသို့ရောက်သော် မြင်းတစ်ကောင်ဖြစ်နေသည်ကို တွေ့မြင်ရသည်။ ထိုမြင်းကို တိုင်တစ်တိုင်တွင် ကြိုးဖြင့်ချည်ထားသည်။ ကျွန်ုပ်သည် မြင်းအနီးသို့ကပ်သွားသည့်အခါ မြင်းကလန့်ပြီး အော်မြည်သည်။ ထို့ကြောင့် ကျွန်ုပ်သည် မြင်းကိုလန့်ပြီး ပြန်လှည့်လာခဲ့သည်။ ထိုအချိန်တွင် မြင်းအော်သံ ကြောင့် မြေပေါ်ရှိ အပေါက်တစ်ပေါက်မှ လူတစ်ယောက် ထွက်လာသည်။ သူသည် ကျွန်ုပ်၏ နောက်သို့ လိုက်လာသည်။ ထို့နောက် ကျွန်ုပ်ကို လှမ်းခေါ်လိုက်ပြီး -

"သင်ဘယ်သူလဲ၊ ဘယ်ကလာသလဲ၊ ဘာယူမလို့ ဒီကိုလာရသလဲ"ဟု မေးမြန်းလေတော့သည်။

ကျွန်ုပ်က သူ့အား "အို..ဆရာရယ်၊ ကျွန်တော် ဘာတစ်ခုမှယူဖို့ ဒီကျွန်းကို ရောက်လာတာ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ရပ်ဝေးတိုင်းပြည်က ရောက်လာတဲ့သူပါ။ လမ်းခရီး ပင်လယ်ပြင်မှာ ကျွန်တော်သေပြီလို့

ထင်မှတ်ပြီး သဘော်က ထားခဲ့ပါတယ်။ ကျွန်တော်လည်း ပင်လယ်ပြင်မှာ သစ်တုံးတစ်တုံးကို တွေ့တာနဲ့ ဖက်တွယ်ပြီး ရက်ပေါင်းများစွာ ကူးခပ်ခဲ့ပါတယ်။ ဒါနဲ့ နောက်ဆုံး ကျွန်တော် ဒီကို လှိုင်းနဲ့အတူ အသက်မသေဘဲ ရောက်လာခဲ့ခြင်းဖြစ်ပါတယ်”ဟူ၍ အကြောင်းစုံကို ရှင်းပြသည်။

သူသည် ကျွန်ုပ်၏စကားကိုကြားသော် ကျွန်ုပ်၏ လက်အားဆွဲ၍ “ဒါဖြင့် ကျွန်ုပ်နှင့်လိုက်ခဲ့”ဟုဆိုကာ အလွန်ကြီးမားသော ဂူကြီးဆီသို့ ခေါ်ဆောင်သွားလေသည်။ ထိုဂူကြီးသည် မြေအောက်ရှိ ဂူကြီးဖြစ်သည်။ ခန်းမကြီးသဖွယ် ကျယ်ဝန်းလှသည်။ သူသည် ကျွန်ုပ်အား ကုလားထိုင်တွင် ထိုင်စေသည်။ ထို့နောက် စားသောက်ဖွယ်ရာများ ယူလာပြီး ကျွန်ုပ်ကို ကျွေးမွေး သည်။ ကျွန်ုပ်လည်း ဗိုက်ပြည့်သည်အထိ စားသုံးလိုက်သည်။ ထို့နောက် သူသည် ကျွန်ုပ်အား ကျွန်ုပ်နှင့် ပတ်သက်၍ မေးခွန်းများစွာ မေးသည်။ ကျွန်ုပ်လည်း ကျွန်ုပ်ဘဝဇာတ်ကြောင်းကို ယခုနောက်ဆုံး အချိန်အထိ အစမှအဆုံး မခြွင်းမချန်ပြောပြလိုက်ပါသည်။

သူသည် ကျွန်ုပ်၏စကားဆုံးသော် ကျွန်ုပ်အား -

“ခင်ဗျားကို ကျွန်ုပ်တို့တိုင်းပြည်ရဲ့ ဘုရင်ကြီးဆီ ခေါ်သွားမယ်” ဟု ဆိုသည်။

ထိုသို့ဖြင့် သူသည် ကျွန်ုပ်အား သူတို့၏ဘုရင်ကြီးဆီသို့ ခေါ်ဆောင်သွားသည်။ ဘုရင်ကြီးက ကျွန်ုပ်အား ကြိုဆိုပြီး ကျွန်ုပ်အကြောင်းကို မေးမြန်းတော်မူသည်။ ကျွန်ုပ်လည်း ကျွန်ုပ်၏ဘဝအစမှ ယခုအထိ ဖြစ်ပျက်ပုံအလုံးစုံကို အကုန်အစင် အမှန်အတိုင်း ပြောပြလေသည်။

ထိုအခါ ဘုရင်ကြီးက “ငါ့သား၊ သင့်ရဲ့ဘဝဟာ အံ့ဖွယ်ပါကလား။ ထူးဆန်းလှတဲ့ ဖြစ်ရပ်တွေက သင့်အသက်ကို ကယ်ဆယ်လိုက်တာပဲ။ သင်ဟာ ဘေးရန်အသွယ်သွယ်က လွတ်မြောက်လာသူမို့ သင့်ရဲ့ဘဝအတ္ထုပ္ပတ္တိဟာ အရှည်ဖြင့်ပြောစမှတ်ပြု ကျန်ရစ်တော့မယ်။ သင့်ဘဝအတွက် ဘုရားသခင်ကိုသာ ကျေးဇူးတင်ပေတော့”ဟု ကြင်နာစွာဖြင့် မိန့်တော်မူသည်။



ထို့နောက် ဘုရင်ကြီးသည် ကျွန်ုပ်အား သူ၏ ဆိပ်ကမ်းတွင် သင်္ဘောအရာရှိအဖြစ် ခန့်အပ်သည်။ ဆိပ်ကမ်းသို့ကပ်လာသမျှ သင်္ဘောများကို စီမံကွပ်ကဲရသည်။ ကျွန်ုပ်သည် ဘုရင်ကြီးနှင့် နေထိုင်စဉ်အတွင်း ဘုရင်ကြီးက ကျွန်ုပ်အား အဖိုးတန် အဝတ်အစားများ ပေးကမ်းသည်။ မကြာမီ ကျွန်ုပ်သည် နန်းတော်ထဲတွင် အရေးပါသော အရာရှိတစ်ဦး ဖြစ်လာခဲ့လေသည်။

ထိုသို့ဖြင့် ကျွန်ုပ်သည် အဆိုပါ တိုင်းပြည်တွင် နှစ်ပေါင်းအတော်ကြာ နေထိုင်ခဲ့လေသည်။ ကျွန်ုပ်သည် နေ့စဉ်ပင် မြို့နှင့်ဆိပ်ကမ်းသို့

ကူးချည်သန်းချည် ဖြတ်သွားဖြတ်လာလေ့ ရှိရသူဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ် ၏ဆိပ်ကမ်းသို့ ရောက်ရှိလာသော ကုန်သည်နှင့် သင်္ဘောများအား ကျွန်ုပ်၏မြို့တော် ဘဂ္ဂဒက်မြို့ အကြောင်းကို စုံစမ်းမေးမြန်းသည်။ သို့သော် ဘဂ္ဂဒက်မြို့ကို မည်သူမျှ မကြားဖူးကြချေ။ ဘဂ္ဂဒက်မြို့ကိုသွားမည့် သင်္ဘောတစ်စင်းတလေမျှပင် မရှိချေ။ အကယ်၍ ဘဂ္ဂဒက်မြို့သို့ သွားမည့်သင်္ဘောရှိပါက ကျွန်ုပ်သည် ထိုသင်္ဘောဖြင့် ကျွန်ုပ်မြို့သို့ လိုက်ပါသွားမည်ဖြစ်သည်။

တစ်နေ့တွင် ကျွန်ုပ်သည် လက်ထဲတွင် တုတ်ကိုကိုင်၍ ဆိပ်ကမ်းတွင် ရပ်လျက်ရှိစဉ် ကြီးမားသော သင်္ဘောကြီးတစ်စင်းသည် ဆိပ်ကမ်းသို့ ရွေ့ရှုလာနေသည်ကို တွေ့မြင်ရသည်။ သင်္ဘောပေါ်တွင် သင်္ဘောသားများနှင့် ကုန်ပစ္စည်းများကို အပြည့်တင်ဆောင်ထားသည်။ သင်္ဘောကြီးသည် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်နှင့် သင်္ဘောကပ္ပတိန်သည် သင်္ဘောကို ချည်ရန် ကြိုးကို အောက်သို့ ပစ်ချလိုက်လေသည်။ သင်္ဘောသားတစ်ဦးက ကြိုးကို ဆိပ်ကမ်းတိုင်တွင် ချည်လိုက်သည်။ ထို့နောက် သင်္ဘောသားများသည် ကုန်ပစ္စည်းများကို အောက်သို့ သယ်မချကြလေသည်။ ကျွန်ုပ်သည် သင်္ဘောနားရပ်လျက် ကုန်ပစ္စည်းအရေအတွက်ကို မှတ်သားလျက်ရှိသည်။

သင်္ဘောသားများသည် ကုန်ပစ္စည်းများကို အချိန်အတော်ကြာယူ၍ သယ်မချကြရသည်။ ကျွန်ုပ်သည် "သင်္ဘောထဲမှာ ကုန်ပစ္စည်း ရှိသေးလား" ဟု မေးသည်။ ထိုအခါ ကပ္ပတိန်က ကျွန်ုပ်အား သင်္ဘောထဲမှာ ကုန်ပစ္စည်းအနည်းငယ် ကျန်ပါသေးတယ်။ ဒီကုန်ပစ္စည်းတွေဟာ လူတစ်ယောက်ရဲ့ ကုန်ပစ္စည်းတွေပါ။ သူဟာ ကျွန်းတစ်ကျွန်းမှာ ပျောက်ပြီး ကျန်ခဲ့ပါတယ်။ သေဆုံးသွားပြီလို့ ထင်ပါတယ်။ ဒါကြောင့် သူ့ပစ္စည်းတွေကို သိမ်းထားရတာပါ။ ဒီပစ္စည်းတွေကို ရောင်းချပြီးရင် ရရှိတဲ့ငွေတွေကို ဘဂ္ဂဒက်မြို့မှာ ရှိတဲ့သူ့မိသားစုထံ ပြန်ပို့ပေးရမှာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ထိုအခါ ကျွန်ုပ်က သူ့အား "သူ့နာမည် ဘယ်သူလဲ" ဟု မေး

လိုက်သည်။ ကပ္ပတိန်က ''ဆင်းဘတ်''ဟု ပြန်ဖြေသည်။

ကျွန်ုပ်သည် သင်္ဘောကပ္ပတိန်ကို သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။ ထိုအခါ ကျွန်ုပ် စီးနင်းလိုက်ပါလာသည့် သင်္ဘောကပ္ပတိန်မှန်း သိရှိသွားသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကပ္ပတိန်အား ဝမ်းသာအားရစွာဖြင့် -

''အို..ကပ္ပတိန်ရယ်၊ ကျွန်ုပ်ဟာ ဆင်းဘတ်လေ။ ကျွန်ုပ်ကို မမှတ်မိဘူးလား။ ကျွန်ုပ်လည်း ကပ္ပတိန်ရဲ့သင်္ဘောပေါ်မှာ ပါလာတဲ့ ကုန်သည်တစ်ယောက်ပါ။ ငါးကြီးပေါ်က ဆင်းပြေးလာတုန်းက ကျွန်ုပ်လည်း ပါတယ်လေ။ သင်္ဘောပေါ်ကို တချို့ ရောက်ကုန်တယ်။ တချို့ ရေနစ်မြုပ်ကုန်တယ်။ ကျွန်ုပ်လည်း ရေထဲနစ်မြုပ်တဲ့အထဲ ပါသွားခဲ့ပါတယ်။ ဒါပေမယ့် ဘုရားသခင်က ကျွန်ုပ်အသက်ကို ကယ်ခဲ့တယ်။ ကျွန်ုပ်ဟာ သစ်သားတုံးတစ်တုံးကို တွေ့တာနဲ့ ဖက်တွယ်ပြီး လိုက်ပါလာခဲ့ရတယ်။ လေပြင်းတိုက်ပြီး လှိုင်းလုံးရိုက်ခတ်တာနဲ့ ကျွန်ုပ်လည်း ဒီကျွန်းပေါ် ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ အဲဒီနောက် ဘုရင်ကြီးဆီ ရောက်ရှိသွားပြီး ကျွန်ုပ်ရဲ့ဖြစ်ရပ် အဖုံဖုံကို ပြောပြပါတယ်။ ဘုရင်ကြီးက ကျွန်ုပ်ကို ချစ်ခင်ကြင်နာပါတယ်။ ကျွန်ုပ်ကို ဆိပ်ကမ်းအုပ်ချုပ်ရေးမှူး ရာထူးကို ပေးအပ်ခဲ့ပါတယ်''

''ကျွန်ုပ်လည်း ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ပါတယ်။ အခု ကပ္ပတိန်ပြောတဲ့ သင်္ဘောထဲမှာ ကျန်ရှိတဲ့ကုန်တွေဟာ ကျွန်ုပ်ကုန်တွေပါ။ ဘုရားသခင်ရဲ့ ကြင်နာမှုကြောင့် ကုန်တွေဟာ ပိုင်ရှင်ဖြစ်တဲ့ ကျွန်ုပ်ဆီ ပြန်လည်ရောက်ရှိလာတာ ဖြစ်ပါတယ်''ဟု ရှင်းလင်းပြောဆိုလေသည်။

သင်္ဘောကပ္ပတိန်လည်း သင်္ဘောပေါ်မှ ဆင်းလာကာ ကျွန်ုပ်အား ''ဘုရားသခင်မှတစ်ပါး ဘယ်သူ့ ဆီမှာမှ အမှားအမှန်ကို ချက်ချင်းသိနိုင်တဲ့ တန်ခိုးစွမ်းအား မရှိပါဘူး။ ယုံကြည်မှုနဲ့ မှန်ကန်မှုဆိုတာသာ လူတွေ အတွက် အရေးအကြီးဆုံးပါပဲ''ဟု ပြောဆိုသည်။

ထိုအခါ ကျွန်ုပ်က ကပ္ပတိန်အား -

"ကပ္ပတိန်ကြီး ပြောတဲ့စကားဟာ ဘာကိုဆိုလိုတာပါလဲ။ ကျွန်ုပ်ဟာ အမှန်တွေကိုသာ ပြောနေတာပါ။ ကျွန်ုပ်ပြောတဲ့စကားထဲမှာ လိမ်ညာပြီးပြောတာတွေ ပါလို့လားခင်ဗျာ"ဟု မေးလိုက်လေသည်။

ကပ္ပတိန်ကြီးသည် ကျွန်ုပ်၏စကားကိုကြားသော် သူက ကျွန်ုပ်အား "သင်က ကျွန်ုပ်ဆီမှာ ရေနစ်သေဆုံးသွားတယ်ဆိုတဲ့ လူရဲ့ပစ္စည်းတွေ သိမ်းထားတာ ကျွန်ုပ်ပြောလို့ သင်သိပြီးပြီ မဟုတ်လား။ သင်က အခု ပိုင်ရှင်ဆိုတာ ကျွန်ုပ်ပါလို့ ပြောနေပြီ။ ကျွန်ုပ် သင်ပြောတဲ့အတိုင်း ယုံရမှာလား။ ဥပဒေကြောင်းအရဆိုရင် သင်ရှုံးနေပြီ။ ကျွန်ုပ်တို့ သင်္ဘောသားအားလုံးဟာ သင်ရေနစ်သွားတာကို အားလုံးမြင်တွေ့ကြရတယ်။ အဲဒီလို ရေနစ်သူတွေ အားလုံးကိုလည်း တစ်ယောက်မှ ဆယ်ယူလို့မရခဲ့ဘူး။ ဒါကြောင့် ဒီပစ္စည်းတွေရဲ့ပိုင်ရှင်ဟာ သင်လို့ ဘယ်လိုပြောနိုင်မှာလဲ"ဟု ဆိုသည်။

ကျွန်ုပ်သည် ကပ္ပတိန်ကြီးအား "ကပ္ပတိန်ကြီးခင်ဗျား၊ ကျွန်ုပ်ပြောတာကို နားထောင်ပါ။ မကြာမီ နားရည်လည်လာပြီး အမှန်တရားဟာ ပေါ်ပေါက်လာပါလိမ့်မယ်"ဟု ဆိုကာ ကျွန်ုပ်၏ ဘဂ္ဂဒက်ခရီးမှအစ ငါးကြီးပေါ်သို့ ရောက်ရှိသည်အထိ အဖြစ်အပျက်များ၊ ကျွန်ုပ်နှင့် ကပ္ပတိန်ကြီးတို့၏ လမ်းခရီးတွင် ပြောကြားသည့် စကားများ၊ အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ကျွန်ုပ်၏စကားကိုကြားသော် သူနှင့် လူအတော်များများသည် ကျွန်ုပ်၏စကား မှန်ကန်ကြောင်း သိရှိသွားကြလေသည်။ သူတို့သည် ကျွန်ုပ်ကို ဆင်းဘတ်မှန်း မှတ်မိသွားကြပြီး အသက်မသေဘဲ ပြန်တွေ့ရသည့်အတွက် ပျော်ရွှင်ဝမ်းသာသွားကြသည်။ ထို့နောက် သူတို့သည် ကျွန်ုပ်အား ကုန်ပစ္စည်းများကို ပြန်လည်ပေးအပ်ကြသည်။ ကုန်ပစ္စည်းများပေါ်တွင် ကျွန်ုပ်၏အမည် ရေးထိုးထားသည်ကို တွေ့ရှိရသည်။ ပစ္စည်းများ တစ်ခုမျှ ပျောက်ဆုံးခြင်း မရှိပေ။

ထို့နောက် သူတို့သည် ကျွန်ုပ်ကို လက်ဆောင်တစ်ခု ပေးအပ်ကြသည်။ ကျွန်ုပ်သည် လက်ဆောင်သေတ္တာကို ဖွင့်လိုက်သည့်အခါ အကောင်းဆုံး၊ တန်ဖိုးအရှိဆုံး လက်ဆောင်ပစ္စည်းများ ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။ ကျွန်ုပ်သည် ထိုလက်ဆောင်သေတ္တာကို ဘုရင်ကြီး၏ နန်းတော်သို့ ပို့ဆောင်စေသည်။ ကျွန်ုပ်လည်း နန်းတော်သို့ လိုက်ပါသွားသည်။ နန်းတော်သို့ရောက်သော် လက်ဆောင်သေတ္တာကြီးကို ဘုရင်ကြီး၏ ခြေရင်းရှေ့တွင်ချပြီး ဘုရင်ကြီးအတွက် လက်ဆောင်ဖြစ်ကြောင်းနှင့် ကျွန်ုပ်သင်္ဘောရောက်ရှိလာပြီး ကုန်ပစ္စည်းများ ပြန်လည်ရရှိလာပြီဖြစ်၍ ကျွန်ုပ်သည် သင်္ဘောကြီးနှင့်အတူ ပြန်လည်လိုက်ပါသွားမည် ဖြစ်ကြောင်းတို့ကို လျှောက်တင်လေသည်။

ဘုရင်ကြီးသည် ကျွန်ုပ်ကို အလွန်ခင်မင်လှသဖြင့် ကျွန်ုပ်ပြန်သွားမည်ကို များစွာဝမ်းနည်းသွားသည်။ သင်္ဘောနှင့် ကုန်ပစ္စည်းများ ပြန်လည်ရောက်ရှိလာ၍လည်း ဝမ်းမြောက်ကြောင်းစကား ဆိုသည်။ ထို့ပြင် ကျွန်ုပ်အား အဖိုးတန်လက်ဆောင်ပစ္စည်းများ များစွာပေးသည်။

ကျွန်ုပ်သည် သင်္ဘောပေါ်ရှိ ကျွန်ုပ်ပစ္စည်းများကို ရောင်းချသည်။ ထို့နောက် ထိုကျွန်း၏ထွက်ကုန် ပစ္စည်းများကို ပြန်ဝယ်သည်။ အခြားကုန်သည်များကလည်း သူတို့၏ကုန်ပစ္စည်းများကို သင်္ဘောပေါ်သို့ အသီးသီးတင်ကြသည်။ ကျွန်ုပ်သည် ကုန်ပစ္စည်းများကို သင်္ဘောပေါ်သို့တင်ပြီးသော် ဘုရင်ကြီးအား နှုတ်ဆက်ရန် နန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။ ကျွန်ုပ်သည် ဘုရင်ကြီးအား ကျွန်ုပ်ကို ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်ခဲ့သဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခု ကျွန်ုပ်၏နေရပ် ဘဂ္ဂဒက်မြို့သို့ ပြန်တော့မည်ဖြစ်၍ လာရောက်နှုတ်ဆက်ကြောင်း လျှောက်တင်လေသည်။

ဘုရင်ကြီးလည်း ကျွန်ုပ်ကို ပြန်လည်နှုတ်ခွန်းဆက်စကားဆိုကာ ကျွန်ုပ်အတွက် စားကောင်းသောက်ဖွယ် စားနပ်ရိက္ခာအပြည့်အစုံကို သင်္ဘောပေါ်သို့ တင်ဆောင်ပေးလေသည်။

ထို့နောက် ကျွန်ုပ်သည် ဘုရင်ကြီး၏နန်းတော်မှ ဝမ်းနည်းစွာ ထွက်ခွာ၍ သင်္ဘောပေါ်သို့တက်ခဲ့လေသည်။

မကြာမီ ကျွန်ုပ်တို့၏ သင်္ဘောသည် ရွက်လွှင့်ထွက်ခွာလာခဲ့လေသည်။ ပင်လယ်ပြင်တွင် နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ ခရီးဆက်ခဲ့ရလေသည်။ မကြာမီ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကူညီစောင်မမှုဖြင့် ဘာဆာရာမြို့သို့ ရောက်ရှိလာသည်။ ထို့နောက် ဘာဆာရာမြို့မှ ထွက်ခွာ၍ ဘဂ္ဂဒက်မြို့သို့ ရှေးရှုဦးတည် ထွက်ခွာလာခဲ့ကြသည်။ ကျွန်ုပ်တို့ သင်္ဘောသည် မကြာမီ ဘဂ္ဂ ဒက်မြို့သို့ ရောက်ရှိလာသည်။ ကျွန်ုပ်သည် မြို့သို့ ရောက်သည်နှင့် ချက်ချင်းပင် ကျွန်ုပ်၏အိမ်သို့ဦးစွာ သွားသည်။ အိမ်သို့ရောက်သော် ကျွန်ုပ်အား အိမ်သူအိမ်သားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုနှုတ်ဆက်ကြသည်။



ကျွန်ုပ်သည် တန်ဖိုးကြီးမားသည့် အိုးအိမ်များ၊ မြေယာများ၊ ကျေးကျွန်များကိုဝယ်ယူသည်။ အကောင်းဆုံး ဝတ်စားတန်ဆာများကို ဝယ်ယူဝတ်ဆင်သည်။ ကျွန်ုပ်သည် အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာသည်။

ယခု ကျွန်ုပ်သည် ဘုရင်ကြီး မီဟာဂျန်၏ တိုင်းပြည်သို့ ခရီးစဉ်ကို အသင့်ကိုပြောပြပြီးဖြစ်သည်။ မနက်ဖြန်တွင် ဘုရားသခင်၏ အလိုဆန္ဒ အတိုင်းဖြစ်ပါက ကျွန်ုပ်၏ အခြားခရီးစဉ်တစ်ခုကို သင့်ကို ပြောပြပါဦး မည်။

ထို့နောက် သဘော်သားဆင်းဘတ်သည် ကုန်ထမ်းသမား ဆင်း ဘတ်နှင့်အတူ နေ့လယ်စာ စားသောက်ကြသည်။ ထို့ပြင် ကုန်ထမ်းသမား ဆင်းဘတ်အား ရွှေဒင်္ဂါးပြားတစ်ရာကို လက်ဆောင်အဖြစ်ပေးပြီး -

"ဒီနေ့အဖို့ မင်းအတွက် ပျော်ရွှင်ဝမ်းမြောက်စရာ ကောင်းတဲ့ နေ့ပဲ"ဟု ပြောဆိုလိုက်လေသည်။

ထို့နောက် ကုန်ထမ်းသမား ဆင်းဘတ်သည် သဘော်သားဖြစ်ခဲ့ ဖူးသူ သူဋ္ဌေးကြီးဆင်းဘတ်အား ကျေးဇူးတင်စကားပြောဆိုကာ နှုတ် ဆက်၍ ထွက်လာခဲ့သည်။ သူသည် အိမ်အပြန်တွင် လမ်းတစ်လျှောက်လုံး သဘော်သားကြီး ဆင်းဘတ်ပြောကြားသည့် ထူးဆန်းအံ့ဩဖွယ် အဖြစ် အပျက်များကို စဉ်းစားလာခဲ့သည်။

နောက်တစ်နေ့တွင် သဘော်သားဆင်းဘတ်သည် ကုန်ထမ်းသမား ဆင်းဘတ်အား ကောင်းစွာကြိုဆိုသည်။ သူ့နားတွင် နေရာထိုင်ခင်းများ ပေး၍ ထိုင်စေသည်။ မကြာမီ ဆင်းဘတ်၏ လူကြီးသူကောင်းများ ရောက်ရှိလာကြသည်။ သဘော်သားဆင်းဘတ်သည် သူတို့နှင့်အတူ စားကောင်းသောက်ဖွယ်ရာများကို သုံးဆောင်ပြီးသော် သဘော်သား ဆင်းဘတ်သည် ကုန်ထမ်းသမား ဆင်းဘတ်အား သူ၏ ဘဝဇာတ်လမ်း နောက်တစ်ပုဒ်ကို ပြောပြလေတော့သည်။

❖❖❖

## စိန်တောင်ကြား

မနေ့က ကျွန်ုပ်ဘဝ တစ်စိတ်တစ်ဒေသအကြောင်း သင့်ကို ပြော ပြ၍ သင်သိခဲ့ပြီဟု ယူဆပါသည်။ တစ်နေ့တွင် ကျွန်ုပ်သည် ခရီးသွား ချင်သည့်စိတ် လွန်စွာ ပြင်းပြလျက် ရှိပါသည်။ ရပ်ဝေးမြေခြားမှ လူများ၊ မြို့များ၊ ကျွန်းများအကြောင်းကို မြင်ချင်၊ သိချင်လှပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် သင်္ဘောဖြင့် ခရီးတစ်ဖန်ထွက်၍ ကုန်ရောင်းကုန်ဝယ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

တစ်နေ့တွင် ကျွန်ုပ်သည် ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သည်။ ဆိပ်ကမ်းတွင် အလွန် ကြီးမားကောင်းမွန်သည့် သင်္ဘောသစ်ကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့မြင်ရသည်။ သင်္ဘောကြီးပေါ်တွင် အဖိုးတန် အထည် အလိပ်ပစ္စည်းများကို အပြည့်တင်ဆောင်ထားပြီး မကြာမီ ဆိပ် ကမ်းမှ ထွက်ခွာတော့မည်ဖြစ်သည်။ ကျွန်ုပ်လည်း တခြားကုန်သည်များ နည်းတူ သင်္ဘောဖြင့် လိုက်ပါရန် နေရာရယူခဲ့သည်။ သင်္ဘောကြီးသည် ကုန်ပစ္စည်းများ တင်ဆောင်ပြီးသော် ဆိပ်ကမ်းမှထွက်ခွာလာခဲ့လေသည်။ ကျွန်ုပ်တို့၏ခရီးကား ပျော်ရွှင်စရာ ကောင်းလှပါသည်။ သင်္ဘောကြီးသည် တစ်နေရာမှ တစ်နေရာ၊ ကျွန်းတစ်ကျွန်းမှ တစ်ကျွန်းသို့ ဖြတ်သန်းကျော် ဖြတ် ခရီးနှင်လျက် ရှိပါသည်။ သင်္ဘောကြီးသည် ဆိပ်ကမ်းတိုင်းတွင်

ရပ်တန့်သည်။ ကျွန်ုပ်တို့သည် ရောက်လေရာ ဆိပ်ကမ်းတိုင်းတွင် ကျွန်ုပ်တို့တွင် ပါလာသော ကုန်ပစ္စည်းများကို ရောင်းချသည်။ ထိုဒေသထွက်ကုန်ပစ္စည်းများကို ဝယ်ယူ၍ သင်္ဘောပေါ်တင်သည်။

ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဆိပ်ကမ်းတစ်ခုပြီးတစ်ခု ကျော်ဖြတ်လာခဲ့ရာ နောက်ဆုံးတွင် အလွန်လှပ၍ သစ်ပင်များ အုံ့ဆိုင်းနေသည့် ကျွန်းတစ်ကျွန်းသို့ ရောက်ရှိလာခဲ့သည်။ သစ်ပင်များသည် စိမ်းလန်းစိုပြည်၍ အသီးများသည် ရွှေဝါရောင်ဖြင့် ဝင်းမှည့်နေကြသည်။ ပန်းမျိုးစုံသည် လှပစွာ ဖူးပွင့်နေကြသည်။ ကျေးငှက်သာရကာများသည် သစ်ကိုင်းထက်တွင် နား၍ တေးသီကျေးနေကြသည်။ ငါးများသည် အေးမြချိုအေးသော စမ်းချောင်းအတွင်း ကူးခပ်နေကြသည်။ သို့သော် လူသူဟူ၍ အရိပ်အယောင်မျှပင် မတွေ့ရပေ။ ကျွန်ုပ်တို့သည် ကျွန်းပေါ်သို့ တက်လိုက်ကြသည်။ တချို့လူအချို့သာ သင်္ဘောပေါ်တွင် ကျန်ရှိခဲ့သည်။ ကျွန်ုပ်သည် မြစ်ကမ်းကလေးဘေးနားတွင်ထိုင်ကာ ကျွန်ုပ်တွင်ရှိသော စားဖွယ်ရာများကို စားသုံးနေသည်။ ထိုစဉ် ကျွန်ုပ်သည် ချိုမြသောပန်းရနံ့ကို ရှူရှိုက်မိသည်။ ကျွန်ုပ်၏မျက်လုံးသည် မှေးစင်းလာပြီး မကြာမီ ခေါင်းငိုက်စိုက်ကျကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေသည်။



ထို့နောက် ကျွန်ုပ်သည် အိပ်ရာမှနိုးထလာခဲ့သည်။ ထိုအခါ ကျွန်းပေါ်တွင် ကျွန်ုပ် တစ်ယောက်တည်း ကျန်ရှိခဲ့သည်ကို သိရသည်။ ကျွန်ုပ်သည် သင်္ဘောထွက်ခွာ သွားသည်ကို လှမ်းမြင်နေရသည်။ သို့သော် မည်သည့် ကုန်သည်၊ မည်သည့် သင်္ဘောသားကမျှ ကျွန်းပေါ်တွင် ကျွန်ုပ် ကျန်ရှိခဲ့သည်ကို သတိရရှိကြမည် မဟုတ်ပေ။

ကျွန်ုပ်သည် ကျွန်း၏ညာဘက်ခြမ်းနှင့် ဘယ်ဘက်ခြမ်းအားလုံးသို့ လိုက်လံရှာဖွေသော်လည်း လူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရပေ။ ကျွန်ုပ်သည် ဒုက္ခရောက်ရှိနေပြီဖြစ်ကြောင်း သိလိုက်သည်။

ကျွန်ုပ်သည် ကျွန်းပေါ်တွင် တစ်ယောက်တည်း ဒုက္ခရောက်ရှိတော့မည်ကို သိ၍ ဝမ်းနည်းသွားသည်။ ဤသို့ ဘေးဒုက္ခအန္တရာယ်အသွယ်သွယ်တွေ့ကြုံရမည့် ခရီးကို ထွက်လာမိသည့် ကျွန်ုပ်ကိုယ် ကျွန်ုပ်ဒေါသထွက် အပြစ်တင်မိသည်။ ယခုအချိန်တွင် ကျွန်ုပ်၏အေး ချမ်းသောတိုင်းပြည်နှင့်အိမ်တွင် ဝတ်ကောင်းစားကောင်းများကို ဝတ်ဆင်၍ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်နေပြီ ဖြစ်သည်။ ကျွန်ုပ်သည် ယခင်က တွေ့ကြုံခဲ့သည့် ဘေးဒုက္ခကို တွေးမိပြီး ဘဂ္ဂဒက်မြို့မှ ထွက်ခွာလာခဲ့မိခြင်းကိုဒေါသထွက်နေမိသည်။

ကျွန်ုပ်သည် ကျွန်းပေါ်တွင် အရူးတစ်ယောက်သဖွယ် အရပ်လေးမျက်နှာစလုံးသို့ ခြေဦးတည့်ရာ လမ်းလျှောက်နေမိသည်။

**ငှက်ကြီးတစ်ကောင်ကို တွေ့ရှိရခြင်း**

ထို့နောက် ကျွန်ုပ်သည် မြင့်မားသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့တက်၍ မျှော်ကြည့်လိုက်သည်။ လူသူဟူ၍ အရိပ်အယောင်မျှပင် မတွေ့ရချေ။ ပင်လယ်၊ ကုန်းမြေ၊ သစ်ပင်နှင့် ငှက်တို့ကိုသာ တွေ့မြင်ရသည်။ သို့သော် ကျွန်း၏ခပ်ဝေးဝေး တစ်နေရာအလယ်လောက်တွင် ကြီးမားသောအရာဝတ္ထုကြီးတစ်ခုကို လှမ်းမြင်ရသည်။ ကျွန်ုပ်သည် သစ်ပင်ပေါ်မှဆင်း၍မည်သည့်အ ရာဝတ္ထုကြီး ဖြစ်သည်ကို သွားရောက်ကြည့်ရှုသည်။ ထိုအရာ

ဝတ္တုကြီးမှာ အလွန်ကြီးမားသော ဖြူဖြူလုံးလုံးကြီး ဖြစ်သည်။ ပြောင်ချော၍ မာကျောသည်။ ကောင်းကင်တွင် ပေါ်ထွက်နေသော အိမ်တစ်အိမ်၏ ခေါင်မိုးကြီးနှင့် တူလှသည်။ ကျွန်ုပ်သည် အဆိုပါ ဖြူဖြူလုံးလုံးကြီးကို လှည့်ပတ်ကြည့်ရှုမိသည်။ သို့သော် တံခါးပေါက်တစ်ခုမျှ မတွေ့ရပေ။ ကျွန်ုပ်သည် ဖြူဖြူလုံးလုံးကြီးပေါ်သို့ တက်ကြည့်သည်။ ပြောင်ချောသဖြင့် တက်၍မရနိုင်ဘဲ ရှိနေသည်။ ကျွန်ုပ်သည် ထိုအလုံးကြီးကိုပတ်၍ ခြေလှမ်းတိုင်းကြည့်ရာ ခြေလှမ်းငါးဆယ်အထိ လုံးပတ်ကြီးမား ကြောင်း တွေ့ရှိရလေသည်။ ကျွန်ုပ်သည် အလုံးကြီးထဲသို့ မည်သို့ဝင်ရမည်ကို စဉ်းစားနေလေသည်။ ထိုအချိန်တွင် နေရောင်သည် ကျဆင်းလျက်ရှိသည်။ မကြာမီ နေရောင်သည် ရုတ်တရက်ကွယ်ပျောက်သွားပြီး အနည်းငယ် မှောင်သွားသည်။ ကျွန်ုပ်က မိုးတိမ်တစ်ခုကွယ်၍ နေရောင်ပျောက်သွားသည်ဟု ထင်မိသည်။ သို့သော် အချိန်ရာသီမှာ နွေရာသီဖြစ်၍ မိုးတိမ်မရှိနိုင်ပေ။ မိုး တိမ်ကွယ်ခြင်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ကောင်းကင်သို့ မော့ကြည့်မိလိုက်သည်။ အလွန့်အလွန် ကြီးမားသော ငှက်ကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်သည် ဤသို့ကြီးမားသော ငှက်ကြီးကို တစ်ခါမျှ မမြင်ဖူးချေ။ ငှက်ကြီးသည် လေထဲတွင် ပျံသန်းလျက် ရှိသည်။ ထိုငှက်ကြီးက နေရောင်ကိုကာထား၍ ကျွန်း ပေါ်သို့ နေရောင်မကျခြင်း ဖြစ်ပေသည်။

ကျွန်ုပ်သည် ချက်ချင်းပင် စိုးရိမ်ကြောက်ရွံ့သွားသည်။ ကျွန်ုပ်သည် စာအုပ်ထဲတွင် 'ရပ်ဟ်' ဟုခေါ်သည့် အလွန်ကြီးမားသော ငှက်ကြီးများအကြောင်းကို ဖတ်ရှုမိထားသည်။ ကုန်သည်ခရီးသွားများထံမှလည်း ထိုငှက်ကြီးများအကြောင်းကို သိရှိထားသည်။ ငှက်ကြီးများသည် သူတို့၏အစာအဖြစ် ဆင်ပေါ်မှ လူငယ်ကလေးများကို ထိုးသုတ်စားသုံးကြသည် ဆိုသည့် ပြောဆိုသံကိုလည်း ကြားယောင်လာမိသည်။

ကျွန်ုပ်သည် ထိုဖြူဖြူလုံးလုံးကြီးကို သင်္ကာမကင်း ဖြစ်လာသည်။ ထိုဖြူဖြူလုံးလုံးကြီးသည် အမှန်စင်စစ် ရပ်ဟ် ငှက်ကြီး၏ ဥလုံးကြီးဖြစ်ရ

မည်ဟု တစ်ထစ်ချ ယုံကြည်သွားလေသည်။

ကျွန်ုပ်သည် ငှက်ကြီးကိုကြည့်၍ အံ့သြနေစဉ်မှာ ငှက်ကြီးသည် အောက်သို့ဆင်းလာပြီး ဥကြီးပေါ်တွင် နားလိုက်လေသည်။ ထို့နောက် ဥကြီးကို သူ၏အတောင် ပံဖြင့် ဖုံးကွယ်ကာထားလိုက်သည်။ ငှက်ကြီးသည် ကျွန်ုပ်ကို မမြင်ပေ။ မကြာမီ ငှက်ကြီးသည် အိပ်ပျော်သွားလေ သည်။ ထိုအခါ ကျွန်ုပ်သည် အဝတ်အစားများကို ချွတ်၍ ကြိုးသဖွယ် ပြုလုပ်ပြီး ကျွန်ုပ်၏ခန္ဓာကိုယ်ကို ငှက်ကြီး၏ခြေထောက်တွင် ခိုင်မြဲစွာ ချည်နှောင် လိုက်လေသည်။ ကျွန်ုပ်၏စိတ်တွင် အကယ်၍ ငှက်ကြီးသည် ကျွန်ုပ်ကို သယ်ဆောင်၍ လူနှင့်မြို့ရွာများရှိသော အရပ်သို့ ပျံသန်းသွားလျှင် ယခု ရောက်ရှိနေသည့် ဤအရပ်ဒေသထက်ပို၍ ကောင်းမွန်လိမ့်မည်ဟု ထင်မြင် မိနေလေသည်။ ကျွန်ုပ်လည်း ငှက်ကြီး၏ခြေထောက်နားတွင် ကြောက်ရွံ့ လျက် မနိုးတစ်ဝက် နိုးတစ်ဝက်ဖြင့် စောင့်အိပ်နေလေသည်။

မကြာမီ လင်းအရုဏ်ဦးသည် ရောက်ရှိလာသည်။ ရပ်ဟ်ငှက်ကြီး သည် ဥခွံပေါ်မှ ထလိုက်သည်။ ထို့နောက် တောင်ပံရိုက်ခတ်ကာ အသံ ကျယ်လောင်စွာ အော်မြည်လျက် ကောင်းကင်ယံသို့ ပျံတက်သွားလေသည်။ ကျွန်ုပ်လည်း ငှက်ခြေထောက်ကြီးတွင် ကပ်ရပ်လျက် ပါရှိသွားခဲ့လေ သည်။ ငှက်ကြီးသည် မြင့်သထက်မြင့်အောင် ပျံတက်လျက်ရှိသည်။ အမြင့်ဆုံး ကောင်းကင်ဘုံသို့ ရောက်ရှိနေသည်ဟု ထင်ရသည်။ ငှက်ကြီး သည် အချိန်အတော်ကြာ ပျံသန်းပြီးနောက် အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ ထို့နောက် တောင်ကုန်းထိပ်တစ်ခုတွင် ရပ်နားလိုက် သည်။

ကျွန်ုပ်လည်း ကျွန်ုပ်ခန္ဓာကိုယ်နှင့် ငှက်ကြီးခြေထောက်တွင် ချည်နှောင်ထားသော ကြိုးတို့ကို ဖြေချလိုက်သည်။ ထို့နောက် ငှက်ကြီးရန်မှ ကင်းလွတ်စေရန် ထွက်ပြေးလာပြီး တစ်နေရာတွင် ပုန်းအောင်းနေလိုက် သည်။ ကျွန်ုပ်သည် ပုန်းအောင်းရာမှ ငှက်ကြီး၏အခြေအနေကို ချောင်း မြောင်းကြည့်ရှုနေမိသည်။ မကြာမီ ငှက်ကြီးသည် အလွန်ကြီးမားသော

မြွေကြီးတစ်ကောင်ကို သူ့ခြေထောက်ကြီးနှင့် ကုတ်ဆွဲ၍ အဝေးသို့ပျံသန်း သွားလေသည်။



ကျွန်ုပ်လည်း ပုန်းရာမှထွက်၍ ရှေ့သို့ ဆက်လှမ်းလာသည်။ ကျွန်ုပ်သည် တောင်ကုန်းကြီးတစ်ခုပေါ်တွင် ရောက်ရှိလျက်ရှိနေသည်ကို သိရှိရသည်။ တောင်ကုန်းကြီးသည် အလွန်ကြီးမား၍ မတ်စောက်လှသည်။ တောင်ကုန်းကို တောင်များက ပတ်ကာဝိုင်းထားသည်။ တောင်ကြားကြီးများကလည်း မြင့်မားနက်စောက်လှသည်။ ကျွန်ုပ်သည် ယခင်နေရာထက်

ပိုဆိုးသည့် နေရာသို့ ရောက်လာပြီလားဟူ၍ ကျွန်ုပ်ကိုယ် ကျွန်ုပ် အပြစ်တင်မိသည်။

ယခင်ကျွန်းသည် ဤမျှဆိုးရွားသည့် နေရာထက် သာလွန်ကောင်းမွန်သည်။ ယခင်ကျွန်းတွင် စားဖွယ်ရာ သစ်သီးဝလံများရှိသည်။ သောက်စရာရေများ ရှိသည်။ စိမ်းလန်းသော သစ်ပင်များ၊ သစ်သီးများ၊ စမ်းချောင်းများ ပေါကြွယ်လှသည်။ ဤနေရာတွင် ဘာမျှမရှိ။ ဟာလာဟင်းလင်း ချောက်ကမ်းပါးနှင့် တောင်များကသာ ပတ်ဝိုင်းထားသည်။ ကျွန်ုပ်သည် အန္တရာယ်တစ်ခုမှ လွတ်မြောက်ရန် ကြိုးစားခဲ့သော်လည်း ထို့ထက်ဆိုးရွားသည့် အန္တရာယ်နှင့် ကြုံတွေ့နေရပြီဟု ပူဆွေးသောကရောက် ရှိနေပေသည်။

ကျွန်ုပ်သည် တောင်ကုန်းပေါ်တွင် လျှောက်ကြည့်နေမိရာ တောင်ကုန်းကြီးသည် အလွန်မာကျောသည့် စိန်တောင်ကုန်းကြီးဖြစ်ပြီး စိန်များဖြင့် ပြည့်လျှက် အရောင်တောက်ပနေသည်ကို တွေ့ရှိရသည်။ ထို့ပြင် နေရာတိုင်းတွင် မြွေများကလည်း အပြည့်ပင်။ မြွေကြီးများသည် အုန်းပင်၊ ထန်းပင်ခန့် ကြီးမားကြသည်။ ဆင်တစ်ကောင်ကိုဖမ်း၍ တစ်ချက်တည်းဖြင့် မျိုနိုင်သည်။ သို့သော် မြွေကြီးများသည် ညအချိန်၌သာ အပြင်သို့ ထွက်လာတတ်သည်။ နေ့အချိန်တွင်မူ ရပ်ဟင်ငှက်ကြီး၏ ထိုးသုတ်စားသောက်မှုရန်ကို ကြောက်ရွံ့ကြ၍ ပုန်းကွယ်နေကြသည်။

ကျွန်ုပ်သည် တဖြည်းဖြည်း အားငယ်လာသည်။ ကြောက်လာသည်။ မည်သို့ ပြုလုပ်ရမည်ဆိုသည်ကိုလည်း မတွေးတတ်အောင် ဖြစ်နေသည်။ ကျွန်ုပ်သည် အန္တရာယ်ကို သယ်ယူလာသကဲ့သို့ ဖြစ်နေသည်။

နေသည် အနောက်ဘက်သို့ ဝင်သွားခဲ့ချေပြီ။ ကျွန်ုပ်သည် ပုန်းခိုနားနေရမည့် နေရာကို လိုက်လံရှာဖွေသည်။ ကျွန်ုပ်သည် မြွေကြီးများ၏ရန်ကို အလွန်ကြောက် ရွံ့နေမိ၍ ဆာလောင်မွတ်သိပ်မှုကိုပင် မေ့လျော့လျက်ရှိသည်။ မကြာမီ ကျွန်ုပ်သည် ဂူတစ်ခုကို တွေ့ရှိသွားသည်။ ဂူအပေါက်ဝသည် သေးငယ်လှသည်။ ထို့နောက် ကျွန်ုပ်သည် ဂူထဲသို့ဝင်လိုက်သည်။

ဂူထဲတွင် ကျောက်တုံးကြီး တစ်တုံးကို တွေ့၍မယူကာ ဂူပေါက်ဝကို ပိတ်လိုက်သည်။

"ညအတွက် ဒီနေရာဟာ လုံခြုံစိတ်ချပြီ" ဟု တွေးကာ စိတ်အေး သွားလေသည်။ သို့သော် ကျွန်ုပ်သည် ဂူကြီးကို ကြည့်လိုက်သော် ဂူကြီး၏ အဆုံးတွင် ကြီးမားသောမြွေကြီးတစ်ကောင်ကို ကြောက်လန့်တကြား တွေ့ မြင်လိုက်ရလေသည်။ မြွေကြီးသည် သူ့ဥများကို အလယ်တွင်ထားကာ ရစ်ပတ်လျက် ကာကွယ်ထားသည်။ မြွေကြီး၏မျက်လုံးသည် မီးကဲ့သို့ ဒေါသ အခိုးအလျှံများ ထွက်လျက်ရှိသည်။ ကျွန်ုပ်သည် ကြက်သီးမွေးညင်း ထ၍ ခေါင်းမှဆံပင်များ ထောင်တက်သွားသည်။ ကျွန်ုပ် ဘာမျှ မတတ် နိုင်တော့ပေ။ ဘုရားကိုသာ ဆုတောင်းနေရသည်။ ကျွန်ုပ်၏ခန္ဓာကိုယ်ကို ဘုရားသခင်ထံတွင် အပ်နှံထားရသည်။ ကျွန်ုပ်သည် ထိုညတစ်ညလုံး အိပ်မပျော်ချေ။ နံနက်မိုးသောက်ချိန် ရောက်သည်နှင့် ကျွန်ုပ်သည် ဂူဝတွင် ပိတ်ထားသော ကျောက်တုံးကြီးကိုမ၍ ရွှေ့လိုက်ပြီး အပြင်သို့ ထွက်လာခဲ့ လေသည်။ ကြောက်ရွံ့မှု၊ ဆာလောင်မှု၊ စိတ်ပူပင်သောကရောက်မှုတို့သည် ကျွန်ုပ်တစ်ကိုယ်လုံးကို ဖုံးလွှမ်းထားသည်။

ကျွန်ုပ်သည် တောင်ကုန်းပေါ်တွင် တစ်ကိုယ်တည်း လျှောက်သွား နေမိသည်။ ထိုစဉ် ကောင်းကင်မှ အသံတစ်သံကို ကြားလိုက်ရသည်။ မကြာမီ သတ်၍ထားသော သားကောင်သေ တစ်ကောင်သည် ကျွန်ုပ်၏ရှေ့ တည့်တည့်သို့ ကျလာသည်။ လူသေကောင် မဟုတ်သောကြောင့် ကျွန်ုပ် သည် များစွာအံ့ဩနေမိသည်။

ထိုစဉ် ကျွန်ုပ်သည် ယခုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ဝတ္ထုတစ် ပုဒ် ဖတ်ခဲ့ဖူးသည်ကို သွား၍သတိရမိသည်။ ထိုဝတ္ထုတွင် စိန်များဖြင့် ပြည့်လျက်ရှိသည့် စိန်တောင်ကြီး တစ်ခုရှိကြောင်း၊ သို့သော် ထိုစိန်တောင် ကြီးတွင် အန္တရာယ်များ ထူပြောကြောင်း၊ ထိုသို့ ကြောက်မက်ဖွယ်ကောင်း လှသည့် စိန်ကျွန်းသို့ မည်သူ တစ်ဦးတစ်ယောက်မျှ မလာရောက်နိုင်ကြ ကြောင်း၊ သို့သော် စိန်ကုန်ကူးသမားများသည် စိန်များကို သယ်ယူရန်

ကြံစည်ခဲ့ကြကြောင်း၊ ဦးစွာ သူတို့သည် သိုးတစ်ကောင်ကို ရှာ၍သတ်ပြီး အရေခွံဆုတ်ကာ အရေခွံကို တောင်ကြားထဲသို့ ပစ်ချခဲ့ကြကြောင်း၊ တောင်ကြားထဲတွင် စိန်များ အပြည့်ရှိကြောင်း၊ သိုးအရေခွံသည် သွေးများဖြင့် စေးထန်းနေ၍ စိန်တုံးများသည် အရေခွံတွင် ကပ်ကုန်ကြကြောင်း၊ မကြာမီ ငှက်ကြီးများသည် တောင်ကြားအောက်သို့ ဆင်းလာပြီး သိုးအရေခွံကို အစာအမှတ်ဖြင့် ချီယူသွားပြီး တောင်ပေါ်သို့ ပြန်တက်လာကြောင်း၊ တောင်ပေါ်ရှိ ကုန်သည်များသည် ငှက်ကြီးအား အော်ဟစ်ခြောက်လှန့်ကာ အစာဖြစ်သည့် သိုးအရေခွံကို လွှတ်ချရန် ကြိုးစားကြကြောင်း၊ ငှက်ကြီးလည်း သိုးအရေခွံကို လွှတ်ချ၍ အဝေးသို့ ပျံသန်းသွားကြောင်း၊ ကုန်သည်များသည် ဤနည်းဖြင့် အန္တရာယ်မှကင်းလွတ်၍ စိန်များကို ရရှိခဲ့ကြကြောင်း ဖြင့် ရေးသားဖော်ပြထားသည်။

ကျွန်ုပ်၏ရှေ့တည့်တည့်သို့ သားကောင်သေ ကျရောက်လာစဉ် ကျွန်ုပ်သည် အဆိုပါဝတ္ထုကို သွား၍သတိရမိပြီး ခေါင်းထဲတွင် အကြံတစ်ခုသည် လက်ခနဲ ပေါ်လာလေသည်။

ကျွန်ုပ်သည် ချက်ချင်းပင် အကြီးဆုံးစိန်တုံးများကို အိတ်ထဲတွင် အပြည့်ထည့်သည်။ တချို့ကို အဝတ်ဖြင့် ထုပ်သည်။ ထို့နောက် ကျွန်ုပ်သည် သားကောင်အသေကြီးအား ကျွန်ုပ်၏ကိုယ်ပေါ်သို့ ဆွဲတင်လိုက်ပြီး သားကောင်နှင့် ကျွန်ုပ်၏ကိုယ်ကို အဝတ်ကြိုးဖြင့် တင်းတင်းကျပ်ကျပ် ချည်နှောင်လိုက်သည်။ ထိုအခါ သားကောင်ကြီး၏ကိုယ်က ကျွန်ုပ်ကို ဖုံးကွယ်သွားသည်။ သားကောင်ကြီး၏အောက်တွင် ကျွန်ုပ်ရှိမှန်း မသိရှိနိုင်ပေ။

မကြာမီ ရုပ်ဟ်ငှက်ကြီးတစ်ကောင်သည် ကောင်းကင်မှ အောက်သို့ဆင်းသက်လာသည်။ ငှက်ကြီးသည် ကျွန်ုပ်နှင့်တွဲချည်ထားသော သားကောင်သေကြီးကို ထိုးချီ၍ ကောင်းကင်သို့ ပျံတက်သွားလေသည်။ ကျွန်ုပ်လည်း အောက်သို့မကျအောင် ငှက်ကြီးကို ဖက်တွယ်ထားလေသည်။ ငှက်ကြီးသည် ခရီးအတော်ကြာကြာ ပျံသန်းပြီးနောက် တောင်စဉ် တောင်တန်းများ၏ တောင်တစ်တောင်ပေါ်သို့ ရောက်ရှိလာသည်။

ငှက်ကြီးသည် အစာကိုချ၍ စားမည်အပြုတွင် လူတစ်ယောက်သည် ငှက်ကြီးကို အော်ဟစ်မောင်းထုတ်နေလေသည်။ ငှက်ကြီးလည်း ကြောက်လန့်တကြားဖြင့် ပျံပြေးသွားလေသည်။ ကျွန်ုပ်လည်း သားကောင်သေနှင့်ချည်ထားသော အဝတ်ကြိုးများကို ဖြေပြီးထွက်လာခဲ့သည်။ ကျွန်ုပ်၏ကိုယ်သည်လည်း သားကောင်ကြီး၏သွေးများဖြင့် လိမ်းကျံလျက် သွေးသံရဲရဲ ဖြစ်နေပေသည်။

ထိုအချိန်တွင် ငှက်ကြီးအား ခြောက်လှန့်လွှတ်လိုက်သည့် လူသည် ကျွန်ုပ်အား မြင်တွေ့သွားသည်။ သူသည် ကျွန်ုပ်အား ကြောက်ရွံ့နေသည်။ ထိုသူသည် ကုန်သည်ဖြစ်ဟန်တူသည်။ သူသည် သားရဲတုံးကြီးရှိရာသို့ သွားရောက်၍ စိန်တုံးများကို ရှာဖွေသည်။ သို့သော် မတွေ့ပေ။ သူသည် စိန်တုံးများကို မရရှိ၍ အလွန် စိတ်ဓာတ်ကျသွားသည်။

"ဘာဖြစ်တာပါလိမ့်၊ ဘယ်လိုဖြစ်သွားပါလိမ့်"ဟု ဆိုမြည်ကာ ဒေါသတကြီးဖြင့် သူ့လက်ကို သူပြန်ရိုက်နေလေသည်။

ကျွန်ုပ်သည် သူ့ထံသို့ သွားရောက်၍ ကုန်သည်အား -

"ဘာမှ စိုးရိမ်ပူပန်မှု မဖြစ်ပါနဲ့။ ကျွန်ုပ်ဟာ ကုန်သည်တစ်ယောက်ပါ။ လူကောင်းတစ်ယောက်ပါ။ ကျွန်ုပ်အကြောင်းပြောရရင် အသင်ယုံမှာတောင် မဟုတ်ဘူး။ သိပ်အံ့ဩဖို့ ကောင်းပါတယ်။ ဒီကိုရောက်လာပုံကလည်း ရောက်ချင်လို့ တမင်သက်သက် ရောက်လာတာ မဟုတ်ပါဘူး။ ဒီကိုရောက်လာပုံက ပုံပြင်ဆန်လှပါတယ်။ ကျွန်ုပ်ရဲ့သတ္တိရှိရှိ စွန့်စွန့်စားစား စိတ်ကြောင့် အခု ခင်ဗျားနဲ့ လာတွေ့ရတာပါ။ ကျွန်ုပ်မှာ စိန်တုံးတွေ ပါလာတယ်။ သင့်ကို ခွဲဝေပေးပါ့မယ်။ သင်ဝမ်းသာပေတော့"ဟု ပြောဆိုလိုက်လေသည်။

ထိုကုန်သည်သည် ကျွန်ုပ်၏စကားကိုကြားသော် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ကျွန်ုပ်အား ကျေးဇူးတင်စကား ဆိုသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် အတန်ကြာ စကားဆိုကြသည်။ မကြာမီ ကုန်သည်၏ အဖော်များ ရောက်ရှိလာကြသည်။ သူတို့အားလုံးသည် စိန်ကို လာရောက်

ရှာဖွေကြသူများ ဖြစ်သည်။ သူတို့သည် ကျွန်ုပ်အား နှုတ်ဆက်ကြသည်။ ထို့နောက် ကျွန်ုပ်သည် သူတို့အား ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့် ဖြစ်ပျက်ပုံအလုံးစုံကို ဖွင့်ဟပြောဖြသည်။ သူတို့သည် ကျွန်ုပ်၏စကားကိုကြားသော် အံ့ဩသွားကြသည်။ ထို့နောက် သူတို့သည် ကျွန်ုပ်အား "သင်ဟာ ကံထူးတဲ့ ပုဂ္ဂိုလ်ပဲ။ သင့်ရဲ့ဘဝသစ်ကို သင်ဖန်တီးလိုက်တာပဲ။ ဒီတောင်ကြားထဲကို ဘယ်သူမျှ မသွားရဲကြဘူး။ သွားခဲ့ရင်လည်း အသက်ရှင်ပြီး ပြန်လာဖို့လမ်း မရှိဘူး။ သင်တစ်ဦးတည်းသာ အဲဒီတောင်ကြားကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပြီး အသက်ရှင်လျက် ပြန်လာခဲ့သူ ဖြစ်တယ်။ သင်ဟာ လူထူးလူဆန်းတစ်ယောက်ပဲ" ဟု ဝမ်းသာအားရ ဆိုကြသည်။ သတ္တိရှိသူဟူ၍ ချီးမွမ်းကြသည်။

ညအချိန်သို့ ရောက်လာပြီဖြစ်၍ ကျွန်ုပ်တို့အုပ်စုသည် လုံခြုံသည့် နစ်နေရာကို ရှာဖွေကာ အိပ်စက်ကြသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ခရီးဆက်လက် ထွက်ခွာခဲ့ကြသည်။ ကျွန်ုပ်တို့သည် တစ်တောင်ဆင်း၊ တစ်တောင်တက်၊ တစ်တောဝင်၊ တစ်တောထွက်ဖြင့် ခရီးနှင်ခဲ့ကြရာ နောက်ဆုံးတွင် ကျွန်းကြီးတစ်ကျွန်းဆီသို့ ရောက်ရှိလာသည်။ ထိုကျွန်းကြီးသည် ကြီးမား၍ လှပသော ကျွန်းကြီးဖြစ်သည်။

ကျွန်ုပ်သည် ထိုကျွန်းတွင် မိမိနှင့်ပါရှိလာသော စိန်တုံးများကို ရောင်းချသည်။ ထို့နောက် ထိုကျွန်းထွက် ကုန်ပစ္စည်းများကို ဝယ်ယူသည်။ ကျွန်ုပ်တို့သည် တစ်နေရာပြီး တစ်နေရာ၊ တစ်မြို့ပြီး တစ်မြို့သို့ ခရီးဆက်လက် ထွက်ခွာလာခဲ့ကြသည်။ ကျွန်ုပ်တို့ရောက်ရှိရာ နေရာတိုင်းတွင် ကျွန်ုပ်တို့နှင့်ပါရှိလာသော ကုန်ပစ္စည်းများကို ရောင်းချပြီး ဒေသထွက်ကုန်များကို ပြန်လည်ဝယ်ယူ၍ သယ်ဆောင်ခဲ့ကြသည်။ ကျွန်ုပ်သည် မရောက်ဖူးသော ဒေသသို့ ရောက်ရှိခဲ့သည်။ မတွေ့မမြင်ဖူးသော လူများနှင့် တွေ့ကြုံဆက်ဆံရ၍ ဗဟုသုတများစွာ ရရှိခဲ့သည်။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဘာဆာရာမြို့သို့ ရောက်ရှိလာသည်။ ကျွန်ုပ်တို့သည် ဘာဆာရာမြို့တွင် ရက်အတန်ကြာ နေထိုင်ခဲ့ကြပြီး



နောက် ဘဂ္ဂဒက်မြို့သို့ ခရီးဆက်ခဲ့ကြသည်။ ဘဂ္ဂဒက်မြို့သို့ ရောက်ရှိသော် ကျွန်ုပ်အိမ်သို့ ချက်ချင်းသွားရောက်ခဲ့သည်။ ကျွန်ုပ်နှင့်အတူ ငွေများ၊ ကုန်ပစ္စည်းများ မြောက်မြားစွာ ပါရှိလာခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် မိတ်ဆွေအပေါင်းအသင်းများကို အိမ်သို့ ဖိတ်ကာ ကောင်းမွန်စွာကျွေးမွေး ဧည့်ခံသည်။ ဧည့်သည်များသည် ကျွန်ုပ်၏မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ စားသုံးကြသည်။ ကျွန်ုပ်သည် ပျော်ရွှင်ဝမ်းသာနေရကား ကျွန်ုပ်ခံစားခဲ့ရသော စိတ်ဆင်းရဲမှုများကို လုံးဝ မေ့လျော့သွားခဲ့လေသည်။

ဘုရားသခင်သည် ကျွန်ုပ်ကို မိမိအရပ်ဒေသသို့ ဘေးမသီ ရန်မခ ဘဲ ပြန်လည် ပို့ဆောင်ပေးခဲ့ချေပြီ။ ကျွန်ုပ်သည် ဘဂ္ဂဒက်မြို့တွင် ရက် ပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့သာယာစွာ နေထိုင်ခဲ့လေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ခရီးသွားပြီး စွန့်စားလိုစိတ် ပြင်းပြ လာပြန်သည်။ ထိုသို့ဖြင့် ကျွန်ုပ်၏ ဆွေမျိုးနှင့် မိတ်သင်္ဂဟများအား ကျွန်ုပ်ခရီးထွက်မည့်အကြောင်း ဖွင့်ပြောကာ ကုန်ပစ္စည်းများ၊ ခရီးအတွက် လိုအပ်သည့် စားဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို စုဆောင်းခဲ့ သည်။ ထို့နောက် ကျွန်ုပ်သည် ဘာဆာရာမြို့သို့ ထွက်ခွာလာခဲ့လေသည်။

ဘာဆာရာမြို့တွင် ဆိပ်ကမ်းမှ ထွက်တော့မည့် သဘော်သစ်ကြီး တစ်စင်းကို အဆင်သင့် တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း အလွန်ပင် ဝမ်းသာ သွားသည်။ သဘော်ပေါ်တွင် ကုန်သည်များ၊ သဘော်သားများဖြင့် ရှုပ် ယှက်ခတ်လျက် ရှိသည်။ သူတို့သည် သူဌေးသူကြွယ်များ၊ စိတ်နှလုံး ကောင်းသူများ ဖြစ်ကြသည်။ ကျွန်ုပ်လည်း သဘော်ပေါ်သို့ ပစ္စည်းများ တင်သည်။ သင့်တင့်သည့်နေရာတွင် နေရာယူလိုက်သည်။ မကြာမီ သဘော်ကြီးသည် ဆိပ်ကမ်းမှခွာ၍ ပင်လယ်ပြင်သို့ ထွက်ခွာလာခဲ့လေ သည်။

❖ ❖ ❖

# လူသားစား ပြိတ္တာကြီး

ကျွန်ုပ်တို့ သင်္ဘောသည် တစ်ကျွန်းပြီး တစ်ကျွန်း၊ တစ်မြို့ပြီး တစ်မြို့ ဖြတ်သန်းလာခဲ့သည်။ ကျွန်ုပ်တို့သည် ရောက်ရာနေရာတိုင်းတွင် ကျွန်ုပ်တို့တွင်ပါလာသော ကုန်ပစ္စည်းများကို ရောင်းချကြသည်။ ဒေသထွက်ကုန်များကို ပြန်ဝယ်ကြသည်။ နောက်တစ်နေရာတွင် အဆိုပါ ပစ္စည်းများကို ပြန်ရောင်းပြီး ပစ္စည်းအသစ်ကို ပြန်ဝယ်ကြပြန်သည်။ ထိုသို့ ကျွန်ုပ်တို့သည် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကုန်ကူးသန်းရောင်းဝယ်ရင်း ခရီးဆက်လက်နှင်ခဲ့ကြသည်။

တစ်နေ့တွင် သင်္ဘောကပ္ပတိန်ကြီးသည် အသံကျယ်လောင်စွာဖြင့် သင်္ဘောကို ပြန်လှည့်၍ရပ်ရန် အမိန့်ပေးနေသည်။ သူသည် အလွန်စိုးရိမ်ပူပန်နေပုံရသည်။ မျက်နှာကို လက်ဝါးဖြင့်ရိုက်ကာ သူ့အင်္ကျီများကို စုတ်ဖြဲလျက် စိတ်ကယောက်ကယက် ဖြစ်နေသည်။

ကျွန်ုပ်တို့လည်း သင်္ဘောကပ္ပတိန်ကြီးအား "ကပ္ပတိန်ကြီး၊ ဘာဖြစ်တာလဲဟင်" ဟု မေးမြန်းကြလေသည်။

ထိုအခါ ကပ္ပတိန်ကြီးက ကျွန်ုပ်တို့အား -

"ညီနောင် ရဲဘော်တို့ ကျွန်ုပ်တို့တော့ ဒုက္ခရောက်ကုန်ပြီ။ ကျွန်ုပ်တို့ ဘုရားသခင်ရဲ့ စောင်မကြည့်ရှုမှုကိုသာ ခံယူဖို့ စောင့်စားကြပေတော့။ လေပြင်းတိုက်ခတ်တဲ့အတွက် ကျွန်ုပ်တို့သင်္ဘောဟာ လမ်းကြောင်းပြောင်း

ပြီး ဂျပ်ဘဲကျွန်းဆီကို ဦးလှည့်နေပြီ။ ဘယ်လိုမှ ထိန်းလို့ မရတော့ဘူး။ ဂျပ်ဘဲလူမျိုးတွေဟာ အမွေးရှည်ရှည်နဲ့ မျောက်မျိုးတွေ ဖြစ်တယ်။ အဲဒီကျွန်းကို ရောက်သူမှန်သမျှ အသက်ရှင်လျက် ပြန်လာတဲ့သူ တစ်ယောက်မှ မရှိဘူး။ ကျွန်ုပ်တို့အားလုံးဟာ မကြာမီ သေကြတော့မယ်”ဟု ဝမ်းနည်းကြေကွဲစွာ ပြောဆိုလေသည်။

သင်္ဘောကပ္ပတိန်ကြီး၏ စကားဆုံးသည်နှင့်ကျွန်ုပ် တို့သင်္ဘောကြီးသည် ဂျပ်ဘဲကျွန်းကမ်းခြေသို့ ဦးထိုးဆိုက်ရောက်နေလေသည်။ တစ်ချိန်တည်းတွင် ဂျပ်ဘဲကောင်ကြီးများသည် သင်္ဘောအနှံ့အပြားတွင် ရောက်ရှိနေကြပြီဖြစ်သည်။ ဂျပ်ဘဲသတ္တဝါများသည် သင်္ဘောထဲ၌လည်းကောင်း၊ ကုန်းပတ်ပေါ်၌လည်းကောင်း အပြည့်ပင်။ ကမ်းခြေတစ်လျှောက်တွင်လည်း ဂျပ်ဘဲကောင်များသည် အများအပြား စုရုံးရောက်ရှိနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ အလွန်ကြောက်စရာကောင်းလှသည်။ တစ်ကိုယ်လုံး အမွေးနက်များဖြင့် ဖုံးလွှမ်းထားသည်။ အဝါရောင်မျက်လုံးများသည် မည်းနက်သော မျက်နှာပေါ်မှ ပြူးထွက်နေသည်။ သို့သော် ခန္ဓာကိုယ်ကမူ ခပ်သေးသေး။ ကိုယ်အမြင့် သုံးပေခန့်သာ ရှိမည်ဖြစ်သည်။ သူတို့ ပြောဆိုနေသည့် ဘာသာစကားကိုလည်း မည်သူမျှ နားမလည်ချေ။ မည်သည့် ဘာသာဖြင့် စကားပြောမှန်းလည်း မသိကြပေ။ အမှန်မှာ ထိုသတ္တဝါများသည် မျောက်တစ်မျိုးပင် ဖြစ်ကြသည်။

သူတို့သည် သင်္ဘောပေါ်သို့ အော်ဟစ်၍ တရှူးရှူးဖြင့် တက်လာကုန်ကြသည်။ ကျွန်ုပ်တို့သည် မျောက်များအား ရိုက်ထုတ်မောင်းပစ်ချင်ကြသည်။ သို့သော် မျောက်အင်အားသည် ကြီးမားလာ၍ ကျွန်ုပ်တို့၏စိတ်ကို ချုပ်တည်းထားရသည်။ ကျွန်ုပ်တို့သည် တစ်ကောင်ကောင်ကို ရိုက်ပုတ်မိလိုက်လျှင် အားလုံးသည် ကျွန်ုပ်တို့အား ဝိုင်းဝန်းတိုက်ခိုက်လာပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူတို့လုပ်ချင်သမျှ လုပ်နေကြသည်ကိုသာ လက်ပိုက်ကြည့်နေကြရသည်။ ဘာမျှ ပြန်မလုပ်ဝံ့ကြပေ။ မျောက်အုပ်သည် အဆမတန်များပြား၍ ကျွန်ုပ်တို့အပေါ် မျောက်အုပ်တက်ဖိသည်နှင့်

ပင် ကျွန်ုပ်တို့အားလုံး သေကုန်ကြပေမည်။ မျောက်များသည် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးလျက်ရှိကြ သည်။ သူတို့သည် ကြိုးများပေါ်တွယ်တက်၍ ရွက်များကို ဖြုတ်သည်။ ထို့နောက် မျောက်များသည် ကျွန်ုပ်တို့အား ဖမ်းဆီးဆွဲခေါ်ကာ ကုန်းပေါ်သို့ ခေါ်သွားကြလေသည်။ သူတို့သည် ကျွန်ုပ်တို့ကို ကမ်းပေါ်တွင် ချထားပြီးနောက် သင်္ဘောဆီသို့ ပြန်သွားကြကာ သင်္ဘောကြီးအား ရေထဲသို့ တွန်းချဆွဲယူသွားကြသည်။ နောက်ဆုံး သင်္ဘောကြီးသည် ကျွန်ုပ်တို့၏မြင်ကွင်းမှ ကွယ်ပျောက်သွားတော့သည်။ သင်္ဘောပေါ်တွင် သင်္ဘောသားအချို့နှင့် ကုန်ပစ္စည်းများ အားလုံး ပါရှိသွားသည်။

ကျွန်ုပ်တို့သည် ကျွန်းပေါ်တွင် တွေ့ရှိသမျှ သစ်ပင်မှ သစ်သီး၊ သစ်ရွက်များကို စားကြရသည်။ မြစ်ထဲမှ ရေကို သောက်သုံးကြရသည်။

တစ်နေ့တွင် ကျွန်ုပ်တို့သည် ကျွန်းပေါ်တွင် လျှောက်လှမ်းလာကြရင်း အိမ်တစ်အိမ်ကို တွေ့ရှိရသည်။ အိမ်ကြီးသည် မြင့်မား၍ အလွန်ခိုင်ခံ့လှသည်။ မြင့်မားသော နံရံကြီးတွင် အလွန်ကြီးမားသော သစ်သားတံခါးပေါက်နှစ်ခု ရှိသည်။ တံခါးပေါက်ကြီးနှစ်ခုမှာ ပွင့်လျက်ရှိသည်။ ကျွန်ုပ်တို့သည် အထဲသို့ ဝင်လာခဲ့ကြသည်။ အိမ်ကြီးသည် ကြီးမားကျယ်ဝန်းလှသည်။ အိမ်ထဲတွင် ဘာပစ္စည်းမျှ မရှိ။ တံခါးပေါက်ကြီးများမှာလည်း အားလုံးပွင့်လျက်ရှိသည်။ အိမ်ကြီး၏အဆုံးတွင် ကျောက်စားပွဲကြီး တစ်လုံးရှိသည်။ စားပွဲပေါ်တွင် မီးလင်းဖိုကြီးတစ်ခုကို ထားလျက်မီးဖိုဘေးတွင် ဟင်းချက်အိုးကြီးတစ်လုံးကို တွေ့ရသည်။ မီးဖိုနားတွင် အရိုးပုံတစ်ပုံရှိနေသည်။ သို့သော် လူဟူ၍ အရိပ်အယောင်မျှ မမြင်ရချေ။ ကျွန်ုပ်တို့သည် အိမ်ထဲတွင် ခဏမျှ အနားယူလဲလျောင်းကြသည်။ ကျွန်ုပ်တို့သည် ပင်ပန်းလာကြ၍ မကြာမီ အိပ်မောကျသွားလေသည်။

နံနက်နေထွက်လာချိန်တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခြေထောက်အောက်မှ မြေလျှောလှုပ် အော်မြည်သံကြီးကို ကြားရ၍ အားလုံးအိပ်ရာမှ နိုးလာခဲ့ကြသည်။ အမှန်မှာ မြေလျှောသံ မဟုတ်ပေ။ လူသဏ္ဌာန်

ရှိသည့် အလွန်ကြီးမားသော သတ္တဝါကြီးတစ်ကောင် အပေါ်ထပ်မှ ဆင်းလာသည့် ခြေသံဖြစ်သည်။ ထိုသတ္တဝါကြီးသည် သစ်ပင်လောက်နီးပါး မြင့်·ားသည်။ သူ့မျက်လုံးသည် မီးလင်းဖိုကြီးကဲ့သို့ နီရဲလျက် ပြူးနေသည်။ သူ့ပါးစပ်သည် ရေတွင်းကြီးခန့်နီးပါး ကြီးမားကျယ်ဝန်းသည်။ အိမ်ထဲတွင် ဘာပစ္စည်းမျှမရှိ၊ တံခါးပေါက်ကြီးများမှာလည်း အားလုံးပွင့်လျက်ရှိသည်။ သူ၏ တွဲကျနေသော အောက်နှုတ်ခမ်းကြီးသည် ရင်ဘတ်အထိ ကျဆင်းနေသည်။ သူ့နားရွက်ပြားကြီးသည် လှေသမ္ဗာန်နီးပါးမျှ ကြီးမားပြီး လက်အထိတွဲကျနေသည်။ လက်သည်းများသည်လည်း ငှက်လက်သည်းကဲ့သို့ ချွန်မြလှသည်။



ကျွန်ုပ်တို့သည် ထိုကြောက်မက်ဖွယ်ရာ သတ္တဝါကောင်ကြီးကို မြင်တွေ့သော် အလွန်ကြောက်ရွံ့သွားကြကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားကြလေသည်။ သတ္တဝါကြီး၏ ပြုမူလှုပ်ရှားမှုများမှာ အလွန်ရွံရှာဖွယ်၊ ကြောက်ရွံ့ဖွယ်ကောင်းလှ၍ ကျွန်ုပ်တို့အားလုံးသည် မကြာမီ လူသေကောင်ကဲ့သို့ မေ့မြောသွားကြလေသည်။

ထိုသတ္တဝါကြီးသည် စားပွဲခုံပေါ်တွင် ခေတ္တမျှ ထိုင်နေသည်။ ထို့နောက် သူသည် ထိုင်နေရာမှ ထလာပြီး ကျွန်ုပ်တို့ထံသို့ လျှောက်လှမ်းလာသည်။ ထို့နောက် သတ္တဝါကြီးသည် အားလုံးထဲမှ ကျွန်ုပ်ကို ကောက်ကိုင်လိုက်သည်။ ကျွန်ုပ်သည် လူ့လက်ထဲတွင် ကြက်ကလေးတစ်ကောင် ပါရှိသွားသကဲ့သို့ ပါရှိသွားသည်။ ကျွန်ုပ်သည် မကြာမီ အိုးကြီးထဲသို့ ရောက်ရှိသွားတော့မည်ဟူ၍ တွေးမိကာ အလွန် ကြောက်ရွံ့နေမိလေသည်။ ကျွန်ုပ်သည် သူ့အတွက် တစ်လုတ်စာခန့်သာရှိသည်။ ကျွန်ုပ်၏ခန္ဓာကိုယ်သည် သေးသွယ်၍ အသွေးအသားနည်းပါးလှသည်။ ထို့ကြောင့် သတ္တဝါကြီးသည် ကျွန်ုပ်ကိုလွှတ်လိုက်ပြီး နောက်တစ်ယောက်ကို ဖမ်းယူဆွဲကိုင်လိုက်ပြန်သည်။ ထိုလူသည်လည်း ကျွန်ုပ်ကဲ့သို့ ပိန်ပိန်ပါးပါးဖြစ်၍ သူ့ကိုလည်း ပြန်လွှတ်ချလိုက်ပြန်သည်။

ထို့နောက် သတ္တဝါကြီးသည် ကျွန်ုပ်တို့အားလုံးကို တစ်ယောက်မကျန် လိုက်ကြည့်နေသည်။ သူ့လက်ကြီးသည် ကျွန်ုပ်တို့၏ခေါင်းပေါ်တွင် ရွေ့လျားလျက်ရှိသည်။ အားလုံးသည် ကြောက်လန့်တုန်လှုပ်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ရှိကြသည်။ ထိုသတ္တဝါကြီးလက်ထဲသို့ မိမိ ပါရှိသွားလိမ့်မည်လားဟူ၍ စိုးရိမ်ထိတ်လန့်နေကြသည်။ သတ္တဝါကြီး၏ လက်ကလည်း ကျွန်ုပ်တို့ထံတွင် ဝဲလျက်ရှိသည်။ နောက်ဆုံးတွင် သတ္တဝါကြီးသည် သဘော်ကပ္ပတိန်ကြီးကို မြင်တွေ့သွားသည်။ သဘော်ကပ္ပတိန်ကြီးသည် ခန္ဓာကိုယ်ကြီးမား ဝဖြိုးလှသည်။ ကြောက်မက်ဖွယ် သတ္တဝါကြီးသည် သဘော်ကပ္ပတိန်ကို မြင်တွေ့သွားသော် အလွန် အားရကျေနပ်သွားသည်။ သူသည် ကပ္ပတိန်ကြီးအား လှမ်းဆွဲယူလိုက်ကာ ကြမ်းပြင်ပေါ်

သို့ ပစ်ချလိုက်သည်။ ထို့နောက် ကပ္ပတိန်ကြီး၏ လည်မျိုကို ခြေဖြင့်နင်း၍ သတ်လိုက်လေသည်။

သတ္တဝါကြီးသည် တံစို့တံရှည်ကြီးတစ်ချောင်းကို ယူလာပြီး တံစို့ဖြင့် ကပ္ပတိန်၏ဦးခေါင်းမှ ဖင်အထိ တံကျင်ထိုးလိုက်သည်။ ထို့နောက် သတ္တဝါကြီးသည် မီးဖိုကာ တံကျင်ထိုးထားသော ကပ္ပတိန်ကြီးအား မီးဖိုတွင် ကင်၍ မြိန်ရှက်စွာ စားသုံးလေတော့သည်။ နောက်ဆုံး အရိုးကြွင်းကျန်မှ စားသုံးမှုကို ရပ်လိုက်တော့သည်။ သတ္တဝါကြီးသည် အကြွင်းအကျန်များကို နံရံတစ်ဖက်သို့ လွှင့်ပစ်လိုက်သည်။

ထို့နောက် သတ္တဝါကြီးသည် ခုံတွင် ခေတ္တထိုင်ကာ မကြာမီ ကျောက်စားပွဲကြီးပေါ်တွင် အိပ်ပျော်သွားလေသည်။ သူသည် နံနက်မိုးလင်းချိန်တွင် အိပ်ရာမှ နိုးလာခဲ့ပြီး အပြင်သို့ ထွက်ခွာသွားလေသည်။

သတ္တဝါကောင်ကြီး အပြင်သို့ထွက်သွားသော် ကျွန်ုပ်တို့လည်း တစ်ဦးနှင့်တစ်ဦး စကားများကို ပြောဆိုနိုင်ကြတော့သည်။

"ငါတို့ဟာ ဒီနေရာက ဘယ်ကိုမှ ထွက်ပြေးစရာ နေရာမရှိဘူး။ ပင်လယ်တွေက ပတ်ဝိုင်းထားတယ်။ မျောက်တွေနဲ့တွေ့ရင် သူတို့သတ်တာနဲ့ သေမှာပဲ။ ပင်လယ်ထဲ ရောက်ရင်လည်း ရေနစ်တာနဲ့ သေမှာပဲ။ ဒါပေမယ့် အဲဒီလို သေရတာမျိုးတွေဟာ မီးဖိုပေါ်မှာ အကင်ခံ၊ အစားခံပြီး သေရတာထက်စာရင် တော်သေးတယ်။ ဒါပေမယ့် သေမှာတော့ သေမှာအမှန်ပဲ။ ဘုရားသခင်က ဘာလို့များ ငါတို့ကို ကူညီမစောင်မတာလဲ မသိဘူး။ ဘုရားသခင်မှတစ်ပါး အားထားစရာ မရှိတော့ပါကလား။ ငါတို့ဟာ နာကျင်စွာခံစားပြီး သေကြရတော့မယ်။ ဒီနေရာက လွတ်လမ်းမရှိတော့ဘူး"ဟု အချင်းချင်း ပြောဆိုကြကာ စိတ်ပျက်ဝမ်းနည်း ကြေကွဲလျက်ရှိနေကြလေသည်။

ထို့နောက် ကျွန်ုပ်တို့လည်း သတ္တဝါကြီး၏အိမ်ထဲမှ ထွက်လာကြပြီး ကျွန်းအနှံ့ခြေဦးတည့်ရာ သွားနေမိကြသည်။ ကျွန်ုပ်တို့သည် ပုန်းအောင်းနိုင်မည့်နေရာကို ရှာဖွေကြသည်။ သို့သော် ပုန်းရမည့်နေရာကို

ရှာဖွေ၍ မတွေ့ချေ။ ထိုသို့ဖြင့် ညအချိန်သို့ ရောက်ရှိလာသည်။ ကျွန်ုပ်တို့လည်း လွတ်မြောက်မှု လမ်းစပျောက်လေပြီဟု မှတ်ယူကာ ရှာဖွေမှုကို အဆုံးသတ်ပြီး ဝမ်းနည်းကြေကွဲ စွာဖြင့် သတ္တဝါကြီး၏ အိမ်ကြီးဆီသို့ ပြန်လာခဲ့ကြလေသည်။ ထို့နောက် အိမ်ထဲတွင် စိတ်ပျက်လက်ပျက် ထိုင်၍နေကြသည်။ မကြာမီ မြေကြီးသည် တုန်လှုပ်ကာ ကြောက်မက်ဖွယ် သတ္တဝါကြီး ပြန်လာသည်ကို မြင်ကြရလေသည်။ သတ္တဝါကြီးသည် မနေ့ကကဲ့သို့ ကျွန်ုပ်တို့ထဲမှ အဝဖြိုးဆုံး လူတစ်ယောက်ကို ရွေးချယ်ကာ သတ်၍ တံကျင်ထိုးပြီး မီးကင်စားပြန်လေသည်။ မကြာမီ သတ္တဝါကြီးသည် ကျောက်စားပွဲခုံကြီးပေါ်တွင် အိပ်ပျော်သွားသည်။ နံနက်လင်းသော် သတ္တဝါကြီးသည် အိပ်ရာမှထပြီး အပြင်သို့ ထွက်ခွာသွားလေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့လည်း တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုနိုင်ကြလေသည်။ ကျွန်ုပ်တို့ထဲမှ တစ်ဦးက "ကဲ..ငါတို့ ပင်လယ်ထဲကို တစ်ယောက်ပြီးတစ်ယောက် ခုန်ချပြီး သေကြရအောင်။ မီးမြိုက်ခံရပြီး သေရမှာထက်စာရင် ဒီနည်းနဲ့ သေတာကမှ ကောင်းဦးမယ်"ဟု ညည်းညူပြောဆိုသည်။

နောက်တစ်ဦးကမူ "ငါ့စကားကို နားထောင်ကြပါ။ ဒီသတ္တဝါကြီးကို ဘယ်လိုနည်းနဲ့သေအောင် သတ်ရမလဲဆိုတဲ့နည်းကို ရှာဖွေကြပါ။ ဒီသတ္တဝါကြီးသေရင် ငါတို့လည်း ဒီဆိုးရွားမှုအန္တရာယ်က လွတ်မြောက်ပြီ"ဟု အကြံပြုသည်။

ထိုအခါ ကျွန်ုပ်က သူတို့အား "ညီနောင် ရဲဘော်တို့၊ ဒီမီးဖိုဘေးနားက သစ်တုံးတွေကို ပင်လယ်ကမ်းခြေဆီ ယူသွားကြပြီး သစ်ဖောင်လုပ်ကြရအောင်။ တကယ်လို့ ငါတို့ဟာ ဒီသတ္တဝါကောင်ကြီးကို သတ်လို့အောင်မြင်ရင် ဘုရားသခင်ရဲ့ အလိုဆန္ဒအတိုင်း ပယ်လယ်ထဲ ရောက်ချင်ရာရောက် ဖောင်ကို လှော်ခတ်သွားကြမယ်။ ဒါမှ မဟုတ်ရင်လည်း သင်္ဘောတစ်စင်းလာတဲ့အထိ ဒီမှာစောင့်ကြမယ်။ တကယ်လို့ ဒီကောင်ကြီးကို မသတ်နိုင်ခဲ့ရင် ငါတို့သစ်ဖောင်ကြီးနဲ့ ပြေးကြမယ်။ တံစို့ထိုး

မီးကင်ခံပြီး သေရမယ့်အစား ပင်လယ်ထဲနစ်မြုပ်ပြီး သေရတာ ကောင်းဦးမယ်''ဟု အကြံပြုသည်။

ကျွန်ုပ်၏အကြံပေးစကားဆုံးသော် အားလုံးက ''ဒီအကြံကောင်းတယ်။ ဒီအကြံအတိုင်း အခုကစပြီး ငါတို့ဆောင်ရွက်ကြစို့''ဟု ဆိုကာ မီးဖိုဘေးနားက သစ်တုံးများကို စတင်သယ်ယူကြလေသည်။

ကျွန်ုပ်တို့သည် သစ်လုံးများကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ရာ မကြာမီ ဖောင်ကြီးတစ်ခုပြုလုပ်ရန် သစ်လုံးအလုံအလောက် ရရှိသွားလေသည်။ ထို့နောက် ကျွန်ုပ်တို့လည်း တက်ညီလက်ညီ သစ်ဖောင်ကြီးကို ပြုလုပ်ကြလေသည်။ မကြာမီ သစ်ဖောင်ကြီး ပြီးစီးသွားသည်။ သစ်ဖောင်ကြီးသည် ကြီးမား၍ ခိုင်ခံ့လှပေသည်။ ထို့နောက် ကျွန်ုပ်တို့သည် ဖောင်ကြီးကို ရေထဲသို့ချကြ ပြီး လုံခြုံသည့်နေရာတွင် ဝှက်ထားကြသည်။ ဖောင်ကို တိုင်တစ်တိုင်နှင့် ချည်ထားသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ဖောင်ကြီးပေါ်တွင် စားနပ်ရိက္ခာများ စုဆောင်း၍တင်ကြ သည်။ ထို့နောက် ကျွန်ုပ်တို့အားလုံး အိမ်ကြီးဆီသို့ ပြန် လာခဲ့ကြလေသည်။

ညနေအချိန်ရောက်သော် မြေကြီးသည် တုန်ခါပြီး လူသားစားသတ္တဝါကောင်ကြီးသည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာသည်။ သူ၏လည်ချောင်းသံကြီးသည် ခွေးကြီးတစ်ကောင်က အစာကိုမြင်၍ အငမ်းမရ မာန်ဖီသံမျိုး ဖြစ်သည်။ ကြောက်စရာ အလွန်ကောင်းလှပေသည်။ ထို့နောက် သတ္တဝါကောင်ကြီးသည် ကျွန်ုပ်တို့ထဲမှ တစ်ယောက်ကို ဆွဲယူကာ တံစို့ထိုး၍ မီးကင်ပြီး အားရပါးရ စားသုံးလေသည်။ ကျွန်ုပ်တို့သည်လည်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ လွန်စွာကြောက်ရွံ့နေကြလေသည်။ မကြာမီ လူသားစားသတ္တဝါကောင်ကြီးသည် စားပွဲပေါ်တွင် အိပ်ပျော်သွားလေသည်။

လူသားစားသတ္တဝါကြီး အိပ်ပျော်သွားသော် ကျွန်ုပ်တို့လည်း ထိုင်ရာမှ ချက်ချင်းထ၍ သံတံစို့ကြီး နှစ်ချောင်းကိုယူကာ မီးဖိုတွင် နီရဲလာအောင် မီးကင်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ရဲရဲနီနေသော တံစို့ကြီး

နှစ်ချောင်းကို ဖြည်းညင်းစွာ မယူ၍ သတ္တဝါဆိုးကြီး၏ အနီးသို့ လာခဲ့သည်။ သတ္တဝါကောင်ကြီးကား ကောင်းမွန်စွာ အိပ်မောကျလျက်ရှိသည်။ ကျွန်ုပ်တို့သည် မီးကျီခဲတမျှ ရဲရဲနီနေသော သံပူတံစို့ကြီးနှစ်ချောင်းကို သတ္တဝါဆိုးကြီး၏ မျက်လုံးသို့ ချိန်ရွယ်ကာ အားကုန်ထိုးထည့်လိုက်ကြလေသည်။ သတ္တဝါကြီး၏မျက်လုံးကား ပေါက်သွားခဲ့လေပြီ။ ကန်းသွားလေပြီ။ သတ္တဝါဆိုးကြီးသည် နာကျင်လွန်းသဖြင့် မျက်လုံးကို လက်ဖြင့်အုပ်လျက် တဝူးဝူး တအားအားဖြင့် အော်မြည်နေလေသည်။

ကျွန်ုပ်တို့လည်း သတ္တဝါကြီး၏ ဘေးရန်မှ ကင်းရာသို့ ပြေးကြသည်။ တချို့သည် ညာဘက်သို့ ပြေးကြသည်။ တချို့ကား ဘယ်ဘက်သို့ ပြေးကြသည်။ သတ္တဝါကြီးကား အိမ်ထဲတွင် ပြေးလွှားအော်မြည်နေသည်။ သို့သော် သူသည် မျက်လုံးကန်းသွားပြီဖြစ်၍ ကျွန်ုပ်တို့ကို မမြင်ပေ။ သို့သော် ကျွန်ုပ်တို့သည် သတ္တဝါကြီးကို ကြောက်လန့်ဆဲပင်။

မကြာမီ သတ္တဝါဆိုးကြီးသည် အပေါက်ကိုတွေ့သွားပြီး အပေါက်မှ ထွက်လာလေသည်။ ထို့နောက် အသံကုန်မြည်ဟည်းကာ လက်ကားရား၊ ခြေကားရား စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းလာလေသည်။ သူ့အသံကြီးသည် မြေကြီးတုန်ခါသွားသည်အထိ ကျယ်လောင်လှပေသည်။ ကျွန်ုပ်တို့အားလုံးလည်း သူ့အသံကြီးကြောင့် ပို၍ ကြောက်ရွံ့သွားကြသည်။ သတ္တဝါကြီးသည် ခြေဦးတည့်ရာ ယိမ်းထိုးလျက် လျှောက်သွားနေသည်။ ကျွန်ုပ်တို့လည်း သူ့နောက်မှ တိတ်ဆိတ်စွာ လိုက်သွားကြသည်။

ထို့နောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖွက်ထားသော ဖောင်ကြီးဆီသို့ လာခဲ့ကြသည်။ ကျွန်ုပ်တို့လည်း ရှေ့ဆက်လုပ်ရမည့်အစီအစဉ်ကို တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေး တိုင်ပင်နေကြသည်။ တစ်ဦးက ''တကယ်လို့ မိုးချုပ်လို့မှ ဒီသတ္တဝါကြီး ပြန်မလာရင် သေပြီလို့ဆိုရမှာပဲ။ ဒါမှမဟုတ် ဒီသတ္တဝါကြီး ပြန်လာရင်တော့ ငါတို့လည်း ဖောင်နဲ့ လစ်ပြေးကြတာပေါ့''ဟု ဆိုသည်။

ထိုသို့ ကျွန်ုပ်တို့အားလုံး ပြောဆိုဆွေးနွေးနေကြစဉ် လူသားစား

မျက်ကန်းသတ္တဝါကြီးသည် သူ့ထက်ပို၍ ကြောက်စရာကောင်းသည့် အဖော်သတ္တဝါကြီးနှစ်ကောင်အား ခေါ်ဆောင်လာသည်ကို တွေ့မြင်ကြရလေသည်။ ထိုသတ္တဝါကြီးနှစ်ကောင်၏ မျက်လုံးကြီးများမှာလည်း မီးဖိုကြီးများအလား ရဲရဲနီလျက်ရှိသည်။ အလွန်ပင် ကြောက်စရာကောင်းလှပေသည်။ ထိုကြောက်စရာ သတ္တဝါကြီးတို့ကို မြင်သော် ကျွန်ုပ်တို့လည်း ဖောင်ဆီသို့ အမြန်ဆုံးပြေးကာ ဖောင်ကို ရေထဲသို့ တွန်းချ၍ ပင်လယ်ပြင်သို့ လှော်ခတ် ထွက်ပြေးလာခဲ့ကြလေသည်။

သတ္တဝါကြီးများသည် ကမ်းစပ်သို့ ပြေးဆင်းလာကြသည်။ ထို့နောက် သူတို့သည် ကျွန်ုပ်တို့ကို အလွန်ကြီးမားသော ကျောက်တုံးကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။ တချို့ ကျောက်တုံးကြီးများသည် ဖောင်ဘေးသို့ ကျကြသည်။ တချို့ ကျောက်တုံးကြီးများသည် ကျွန်ုပ်တို့ ဖောင်ပေါ်သို့ကျ၍ လူအများ သေဆုံးကုန်ကြသည်။ ကျွန်ုပ်တို့လည်း သူတို့၏အန္တရာယ်မှ လွတ်မြောက်ရန် ဖောင်ကို အားကုန်လှော်ခတ်ကြလေသည်။

ပင်လယ်ကြီးကား လှိုင်းလေပြင်းထန်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ဦးတည်ရာမဲ့ လှော်ခတ်လျက်ရှိသည်။ မည်သည့်ဘက်သို့ ဦးတည်သွားရမည်ကို မသိကြချေ။ ဖောင်ပေါ်ရှိ လူများမှာလည်း ရာသီဥတုဆိုးရွားမှုဒဏ်ကို အလူးအလဲခံစားရင်း နာမကျန်းဖြစ်ကာ သေဆုံးကုန်ကြသည်။ ဖောင်ပေါ်တွင် ကျွန်ုပ်နှင့် အဖော်နှစ်ဦးသာ ကျန်ရှိတော့သည်။ ကျွန်ုပ်တို့ သုံးယောက်သည် သေဆုံးသူများကို ဝမ်းနည်းကြေကွဲစွာဖြင့် ရေထဲသို့ ပစ်ချသင်္ဂြိုဟ်ခဲ့ကြသည်။

ကျွန်ုပ်တို့သုံးယောက်မှာ ဆာကလည်းဆာ၊ ခြေကုန်လက်ပန်းကျနှင့် မလှုပ်ချင်လောက်အောင် အားအင်ကုန်ခန်း နွမ်းနယ်နေကြသည်။ သို့သော် ကျွန်ုပ်တို့သုံးယောက်သည် အသက်ရှင်သန်မှုအတွက် ရှိသမျှအားအင်ကို အသုံးပြုကာ ဖောင်ကိုလှော်ခတ်နေလေသည်။ လေကလည်း တိုက်ခတ်နေ၍ ဖောင်ကြီးသည် လေသယ်ဆောင်ရာသို့ လွင့်မျောနေသည်။

ကျွန်ုပ်တို့သုံးယောက်သည် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ မကြာမီ ကျွန်ုပ်တို့ဖောင်ကြီးသည် ကျွန်းတစ်ကျွန်း၏ ကမ်းစပ်သို့ သွားရောက်တင်နေလေသည်။

ကျွန်ုပ်တို့လည်း ကျွန်းပေါ်သို့ တက်ခဲ့ကြသည်။ ထိုကျွန်းသည် စိမ်းလန်းသော ကျွန်းဖြစ်သည်။ သစ်ပင်သီးနှံပင်များ၊ ပန်းမန်များ၊ ကျေးငှက်သာရကာများ၊ ကြည်လင်သော မြစ်ချောင်းများကို တွေ့မြင်ရသည်။ ကျွန်ုပ်တို့လည်း အလွန်ဆာလောင် မွတ်သိပ်လှသည်ဖြစ်၍ သစ်သီးများကို ဗိုက်အပြည့် စားကြသည်။ စမ်းချောင်းထဲမှ ရေကို အဝသောက်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား အထူးပင်ကျေးဇူးတင်မိသည်။ ဘုရားသခင်က ကယ်မမူကြောင့်သာ ကျွန်ုပ်တို့သည် လူသားစား သတ္တဝါဆိုးကြီးများ၏ ဘေးအန္တရာယ်နှင့် လှိုင်းတံပိုးခက်ထန်ကြမ်းတမ်းသည့် ပင်လယ်မှ လွတ်မြောက်လာကြရသည် မဟုတ်ပါလော။ ကျွန်ုပ်တို့သည် တစ်နေ့လုံး၊ တစ်ညလုံး မနားတမ်းလှော်ခတ်လာရ၍ စိတ်ပန်းလူပန်းဖြင့် အလွန်ပင်ပန်းနွမ်းနယ်နေရကား မကြာမီ အိပ်မောကျသွားကြလေသည်။

ကျွန်ုပ်တို့သည် အချိန်အတော်ကြာကြာ အိပ်မောကျနေကြသည်။ ထိုစဉ်သစ်ပင်ထိပ်ဖျားမှ တရှီးရှီးဖြင့် လေတိုက်သံမျိုးကဲ့သို့သော အသံကို ကြားကြရသည်။ ကျွန်ုပ်တို့အားလုံးလည်း အိပ်မောကျရာမှ နိုးလာခဲ့ကြသည်။ ထို့နောက် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သော် အလွန်ကြီးမားသော မြွေကြီးတစ်ကောင်ကို မြင်တွေ့ကြရလေသည်။ မြွေကြီးသည် အလွန်တုတ်ခိုင်၍ ရှည်လျားလှသည်။ မြွေကြီးသည် သူ့ကိုယ်လုံးဖြင့် ကျွန်ုပ်တို့အားလုံးအား ထွက်မပြေးနိုင်အောင် ဝိုင်းပတ်ထားသည်။ ထို့နောက် မြွေကြီးသည် ခေါင်းထောင်လာပြီး ကျွန်ုပ်တို့ထဲမှ တစ်ယောက်ကို ပါးစပ်ဖြင့် ဖမ်းယူလိုက်သည်။ ထို့နောက် ကျွန်ုပ်တို့လူအား ဦးခေါင်းမှ တစ်ကိုယ်လုံးအထိ တဖြည်းဖြည်း မျိုသွားလေသည်။ မြွေကြီး၏ ဝမ်းဗိုက်ထဲမှ တဂျိုးဂျိုး တကျွတ်ကျွတ်ဖြင့် အရိုးကျိုးသံများကို ကျွန်ုပ်တို့ကြားနေရသည်။ ကျွန်ုပ်တို့သည် များစွာတုန် လှုပ်ချောက်ချားသွားကြသည်။ ထို့နောက်

မြွေကြီးသည် တဖြည်းဖြည်းဖြင့် ရွေးလျားထွက်ခွာသွားသည်။ တစ်ယောက်ကို မြွေမျိုသွား၍ ကျွန်ုပ်နှင့် အဖော်တစ်ယောက်သာ ကျန်ရှိတော့သည်။ ကျွန်ုပ်တို့လည်း ကျွန်ုပ်တို့မိတ်ဆွေအတွက် များစွာကြေကွဲဝမ်းနည်းနေမိသည်။ ထို့ပြင် မကြာမီ ကျွန်ုပ်တို့လည်း မြွေကြီး၏အစာ ဖြစ်တော့မည်ဟူ၍ တွေးမိကာ ကြောက်ရွံ့နေကြလေသည်။ စိတ်မချမ်းမသာ ဖြစ်၍နေကြလေသည်။

ကျွန်ုပ်တို့သည် တစ်ခုထက်တစ်ခု ပိုမိုဆိုးရွားသည့် အန္တရာယ်များနှင့် ကြုံတွေ့လျက် ရှိနေပြီဖြစ်သည်။ ဦးစွာ လူသားစားသတ္တဝါကြီးနှင့်ဆုံတွေ့ခဲ့သည်။ ထို့နောက် လှိုင်းလေကြမ်းတမ်းသည့် ပင်လယ်ခရီးကို ကျော်ဖြတ်ခဲ့ရသည်။ ယခု ထိုအန္တရာယ်ဆိုးများထက် ပိုမိုဆိုးရွားသော အန္တရာယ်ရန်စွယ်များဖြင့် တွေ့ဆုံရင်ဆိုင်နေရပြန်လေပြီ။ ဘုရားသခင်မှ တစ်ပါး ကိုးကွယ်ရာမရှိတော့ပါကလားဟူ၍ ကျွန်ုပ်တို့ နှစ်ယောက်သည် ညည်းညူမြည်တမ်းကြလေသည်။

ကျွန်ုပ်တို့သည် မြွေကြီး၏ရန်မှ လွတ်မြောက်ရန် အမျိုးမျိုးအကြံထုတ်ကြသည်။ ထို့နောက် ကျွန်းပေါ်တွင် အလွန်မြင့်မားသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရှိသွားသည်။ ကျွန်ုပ်တို့သည် သစ်ပင်ကြီးပေါ်သို့ တက်လာခဲ့ကြပြီး သစ်ပင်ကြီးပေါ်တွင် လှဲအိပ်လိုက်ကြသည်။ ကျွန်ုပ်ကား အမြင့်ဆုံး သစ်ကိုင်းကြားတွင်အိပ်၍၊ ကျွန်ုပ်၏မိတ်ဆွေက ကျွန်ုပ်၏အောက်တွင် အိပ်သည်။

မကြာမီ ညအချိန်သို့ ရောက်ရှိလာသည်။ ထိုစဉ် တရှီးရှီးအသံပေးလျက် မြွေကြီးသည် ပြန်လည်ရောက်ရှိလာသည်။ ကျွန်ုပ်တို့အား လှည့်ပတ်ရှာသည်။ မတွေ့။ ထို့နောက် ကျွန်ုပ်တို့ရှိရာ သစ်ပင်ပေါ်သို့ ဦးခေါင်းထောင်ကြည့်သည်။ မြွေကြီးသည် လူနံ့ရသွားသည်ထင်၏။ ကျွန်ုပ်တို့အား မြင်တွေ့သွားသည်။ မြွေကြီးသည် ချက်ချင်းပင် သစ်ပင်ပေါ်သို့ တက်လာသည်။ ထို့နောက် သူနှင့် အနီးဆုံးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေအား ခေါင်းကိုဖမ်းကိုက်လိုက်သည်။ သူ့ကိုယ်လုံးကြီးကို သစ်ပင်တွင် ရစ်ပတ်ကာ ကျွန်ုပ်

၏မိတ်ဆွေအား တဖြည်းဖြည်း ဝါးမျိုနေသည်။ ကျွန်ုပ်မိတ်ဆွေ၏ အရိုးကျိုးသံများ တဖြောင်းဖြောင်းမြည်သံကို အလန့်တကြား ကြားနေရသည်။ ထို့နောက် မြွေကြီးသည် သစ်ပင်ပေါ်မှ လျှောဆင်း၍ အဝေးသို့ ထွက်ခွာသွားသည်။

မကြာမီ မိုးလင်းလာခဲ့သည်။ ရောင်ခြည်ဦးသည် ထွက်ပြူလာသည်။ ကျွန်ုပ်သည် မြွေကြီးအား ကျွန်းပေါ်တွင် တဖြည်းဖြည်း အဝေးသို့ ထွက်ခွာသွားနေသည်ကို လှမ်းမြင်နေရသည်။ ကျွန်ုပ်လည်း မြွေကြီး၏ အန္တရာယ်မှ လွတ်ကင်းပြီဖြစ်၍ သစ်ပင်ပေါ်မှ ဆင်းသက်လာခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် ပင်လယ်ကမ်းခြေသို့ ရှေးရှုထွက်လာခဲ့သည်။ ကျွန်ုပ်၏ မိတ်ဆွေနှစ်ယောက်ကား မြွေကြီး၏အစာ ဖြစ်သွားခဲ့ချေပြီ။ ကျွန်ုပ်လည်း မကြာမီ မြွေကြီး၏ အစာဖြစ်တော့မည်ဟူ၍ တွေးမိကာ ထိတ်လန့်နေမိသည်။ ကျွန်ုပ်သည် မကြာမီ သေရတော့မည့်လူ ဖြစ်နေပေသည်။ ကျွန်ုပ်သည် မြွေကြီးဝါးမျို၍ အသေဆိုးဖြင့် သေရမည်ထက် ရေထဲဆင်း၍ သေရသည်က တော်ပေသေးသည်ဟု စိတ်ထဲတွင် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကျွန်ုပ်သည် ပင်လယ်ထဲသို့ ဆင်းသေရန်ကြံရွယ်သည်။ သို့သော် ရေထဲသို့လည်း ဆင်းမသေဝံ့ပေ။ ထိုသို့ဖြင့် ကျွန်ုပ်သည် ကုန်းပေါ်သို့ ပြန်တက်လာခဲ့လေသည်။

ကုန်းပေါ်တွင် ပျဉ်ပြားကြီး ငါးချပ်ကို သွားတွေ့သည်။ ပျဉ်ပြားကြီးများသည် ကြီးမား၍ရှည်သည်။ ကျွန်ုပ်၏ခြေထောက်တွင် ပျဉ်တစ်ချပ်ကို ကန့်လန့်ဖြတ် ချည်လိုက်ပြီး နှစ်ချပ်ကို ကျွန်ုပ်၏လက်ယာဘေးနှင့် လက်ဝဲဘက်ဘေးတွင် ချည်နှောင်လိုက်သည်။ ထို့နောက် တစ်ချပ်ကို ကျွန်ုပ်၏ရင်ဘတ်ပေါ်တွင် ကန့်လန့်ဖြတ်၍ ချည်သည်။ နောက်ဆုံး ပျဉ်ပြားချပ်ကြီးကိုမူ ကျွန်ုပ်၏ ခေါင်းပေါ်တွင် ဖြတ်၍ချည်လိုက်သည်။ ထို့နောက် ကျွန်ုပ်သည် မြေပေါ်တွင် မှောက်လျက်လှဲလိုက်သည်။ ထိုအခါ ချည်နှောင်ထားသော သစ်သားများသည် သေတ္တာကြီးအား မှောက်၍ အုပ်ထားသကဲ့သို့ ကျွန်ုပ်ကို အကာအကွယ်ပေးထားလေသည်။



မကြာမီ ညအမှောင်သည် ရောက်ရှိလာသည်။ မြွေကြီးသည် ညအချိန်တွင် ပုံမှန်အတိုင်း ပြန်လည် ရောက်ရှိလာသည်။ မြွေကြီးသည် သစ်သားပြားများဖြင့် ကျပ်ထုပ်စည်းထားသော ကျွန်ုပ်ကို ကိုက်မျိုရန် ကြိုးစားသည်။ သို့သော်မရချေ။ မြွေကြီးသည် လေးဖက်လေးတန်မှ လှည့်ကာ ကျွန်ုပ်ကို မျိုရန်ကြိုးစားပြန်သည်။ အချည်းနှီးပင်။ ကျွန်ုပ်သည် ကြောက်လွန်းအားကြီး၍ လူသေကောင်တစ်ယောက်နှယ် တုတ်တုတ်မျှပင် မလှုပ်ဝံ့ချေ။ မြွေကြီးသည် ကျွန်ုပ်ကို မျိုရန်ကြိုးစား၍ မရသည်နှင့် အဝေးသို့ ထွက်သွားသည်။ မြွေကြီးသည် နောက်တစ်ခါ ပြန်လည်ပြီး မျိုရန် ကြိုးစားပြန်သည်။ သို့သော် အချိန်အတော်ကြာသည်အထိ မျိုရန်ကြိုးစား

သော်လည်း မအောင်မြင်ချေ။ မြွေကြီးသည် တစ်ညလုံး ကျွန်ုပ်၏အနားမှ မခွာချေ။ ကျွန်ုပ်အား မျိုး၍မရ၍ တရှူးရှူးဖြင့် မာန်ဖီကာ ဒေါသဖြစ်လျက် ရှိသည်။ ကျွန်ုပ်သည် သေလုနီးပါးမျှ ကြောက်ရွံ့နေသည်။

နံနက်လင်းသော် မြွေကြီးလည်း ဒေါသတကြီးဖြင့် အော်မြည်ကာ ထွက်ခွာသွားလေသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်နှင့် ချည်နှောင်ထားသော ပျဉ်ချပ်များကို ခွာပစ်လိုက်ပြီး ကမ်းစပ်သို့ ထွက်ခွာလာခဲ့သည်။ ကျွန်ုပ်သည် ကျွန်းနှင့်မလှမ်းမကမ်းနေရာတွင် သဘော်တစ်စင်း ရွက်လွှင့်သွားနေသည်ကို တွေ့ရသည်။ ကျွန်ုပ်လည်း ဝမ်းသာအားရဖြင့် သစ်ကိုင်းတစ်ခုကိုယူကာ အသံကုန် ဟစ်အော်၍ သဘော်ကို ဝှေ့ယမ်းပြသသည်။ ကျွန်ုပ် သည် အလွန်ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ သဘော်သည် ကျွန်ုပ်ကို မြင်တွေ့သွားသည်။ သဘော်သည် ကမ်းသို့တဖြည်းဖြည်း ကပ်လာသည်။ ထို့နောက် ကျွန်ုပ်ကို သဘော်ပေါ်သို့ ခေါ်တင်သွားလေသည်။

ကျွန်ုပ်သည် ကျွန်ုပ် ကြုံတွေ့ခဲ့ရသော ကံကြမ္မာဆိုးများ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် အဖြစ်အပျက်များကို သဘော်ပေါ်ပါရှိလာသော လူအားလုံးကို ပြောပြသည်။ ထိုအခါ သူတို့သည် ကျွန်ုပ်ကို သနားကြင်နာစွာဖြင့် အစားအစာများ၊ အဝတ်အထည်များကို ပေးကြသည်။ ကျွန်ုပ်လည်း ဆာဆာဖြင့် စားဖွယ်သောက်ဖွယ်များကို အားပါးတရ စားသုံးသည်။ ကျွန်ုပ်၏ဒုက္ခများ ကင်းငြိမ်းသွားပြီ ဖြစ်သည်။ ကျွန်ုပ်သည် အားခွန်များ ပြန်လည် ပြည့်ဖြိုးလာသည်။ ကျွန်ုပ်သည် အသေဆိုးဘေးမှ လွတ်မြောက်လာသူဖြစ်၍ ကျွန်ုပ်ကိုယ်ကျွန်ုပ် အံ့ဩနေမိသည်။ အိပ်မက်များ မက်နေသလားဟုပင် အောက်မေ့ရသည်။

ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ပင်လယ်ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ ပင်လယ်လေသည် အေးငြိမ်းစွာ တိုက်ခတ်နေသည်။ လှိုင်းကလည်း အေးဆေးတည်ငြိမ်စွာပင်။ လေမထန်၊ လှိုင်းမရှိသည့် ပင်လယ်ခရီးမှာ သာယာလှပလျက်ရှိသည်။ မကြာမီ ကျွန်ုပ်တို့သည်

ကြီးမားသော ကျွန်းကြီးတစ်ကျွန်းသို့ ရောက်ရှိလာခဲ့သည်။ သင်္ဘောမာလိန်မှူးသည် သင်္ဘောကို ဖြည်းညင်းစွာ ကပ်သည်။ ကမ်းသို့ဆိုက်ရောက်သော် ကျွန်ုပ်တို့သည် ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ ကုန်သည်များသည် ကုန်ပစ္စည်းများကို သယ်ပိုး၍ ကျွန်းပေါ်သို့ တက်သွားကြသည်။ သူတို့သည် ကျွန်းပေါ်တွင်ပါလာသည့် ပစ္စည်းများကို ရောင်းချကြပြီး ကျွန်းထွက်ပစ္စည်းများကို ပြန်ဝယ်၍ သယ်ဆောင်လာကြမည်ဖြစ်သည်။ ကျွန်ုပ်နှင့် သင်္ဘောမာလိန်မှူး နှစ်ယောက်ကမူ စကားတပြောပြောဖြင့် လမ်းလျှောက်လာခဲ့ကြသည်။

သင်္ဘောမာလိန်မှူးက ကျွန်ုပ်အား "သင်္ဘောပေါ်မှာ အသင့်ရဲ့ စကား ကြားရတာ အလွန်စိတ်မကောင်းစရာပဲ။ ကျွန်ုပ် သင့်ကို အကူအညီ ပေးပါရစေ။ ဒီလိုပါ ပင်လယ်ခရီး စထွက်စဉ်က လူတစ်ယောက်ဟာ ကျွန်ုပ်တို့နှင့် အတူတကွ လိုက်ပါလာခဲ့တယ်။ သူဟာ ခရီးလှည့်လည် သွားလာပြီး ကုန်ကူးနေသူဖြစ်တယ်။ လမ်းခရီးမှာ အဲဒီလူ ပျောက်ဆုံး သွားခဲ့တာ အခုအထိပဲ။ ဒီလူဟာ သေသလား၊ ရှင်သလားဆိုတာ မသိဘူး။ သူ့သတင်းလည်း အစအနတောင် မရဘူး။ အဲဒီကုန်သည်ရဲ့ ကုန်ပစ္စည်း တွေကို သင့်လက်ထဲအပ်ထားချင်တယ်။ သင်က ဒီကုန်ပစ္စည်းတွေကို ဒီကျွန်းမှာ ရောင်းချပေးပါ။ သင့်ကိုရောင်းရတဲ့အထဲက ငွေတချို့တဝက်ကို ပေးပါ့မယ်။ သင့်ကို ပစ္စည်းတွေရောင်းပေးတဲ့အတွက် သင့်ဒုက္ခကို ကူညီတဲ့ အနေနဲ့ ပေးတာပါ။ သူ့ပစ္စည်းရောင်းရငွေတွေကို ကျွန်ုပ်ဟာ ဘဂ္ဂဒက်မြို့ ပြန်ရောက်တဲ့အထိ သိမ်းထားရပါမယ်။ ဘဂ္ဂဒက်မြို့ ပြန်ရောက်တဲ့အခါ မှာတော့ ကျုပ်တို့နှစ်ယောက် ပျောက်ဆုံးသွားတဲ့ ကုန်သည်ရဲ့ ဆွေမျိုးသား ချင်းတွေကို လိုက်ရှာပြီး ငွေတွေနဲ့ မရောင်းရလို့ ကျန်တဲ့ကုန်ပစ္စည်းတွေကို ပြန်ပေးကြရအောင်၊ အဲဒီအကြံ မကောင်းဘူးလား။ သင်လက်ခံမယ် မဟုတ် လား"ဟု ပြောဆိုလေသည်။

ကျွန်ုပ်ကလည်း မာလိန်မှူးကြီးအား "ကျေးဇူးအထူးတင်ပါ တယ် မာလိန်မှူးကြီးရယ်။ သင့်ရဲ့သဘောထားကောင်းပြီး ကြင်နာတတ်တဲ့

စိတ်ကိုတော့ စံနမူနာယူစရာပါပဲ''ဟု ချီးကျူးပြောဆိုလိုက်သည်။

ထို့နောက် သဘော်မာလိန်မှူးသည် သူ့သဘော်သားနှင့် ကုန်ထမ်းသားများအား ပျောက်ဆုံးသွားသည့် ကုန်သည်၏ပစ္စည်းများကို ကျွန်ုပ်ထံ သယ်ယူပို့ဆောင်ပေးရန် ပြောဆိုလိုက်လေသည်။

ထိုအခါ သဘော်စာရေးက မာလိန်မှူးအား -

''ပစ္စည်းပိုင်ရှင် ဘယ်သူဆိုတာ ဘယ်လိုစာရင်း မှတ်ရမလဲ''ဟု မေးသည်။

သဘော်မာလိန်မှူးက စာရေးအား ''ပစ္စည်းရှင် သဘော်သား ဆင်းဘတ်လို့ ရေးမှတ်လိုက်။ အဲဒီသဘော်သားဟာ ခရီးထွက်စဉ်က ငါတို့နဲ့ အတူတူ ပါလာခဲ့တယ်။ ခရီးလမ်းတစ်ဝက် ဂျပ်ဘဲကျွန်းမှာ တခြား ကုန်သည်တွေ နဲ့အတူ ပျောက်ဆုံးသွားခဲ့တယ်။ သေသလား၊ ရှင်သလား ဆိုတာ ခုထိသတင်းအစအန မရခဲ့ဘူး။ ဒီပစ္စည်းတွေဟာ ဆင်းဘတ်ရဲ့ ပစ္စည်းတွေပဲ။ ငါဟာ ဒီပစ္စည်းတွေကို ဟောဒီကလူကို ရောင်းနိုင်းထား တယ်။ ရောင်းလို့ရတဲ့ငွေထဲက အချို့အဝက်ကို သူ့ကိုပေးမယ်။ ကျန်တဲ့ ငွေတွေကို ဘဂ္ဂဒက်မြို့ရောက်တဲ့အထိ ငါသိမ်းထားမယ်။ ဘဂ္ဂဒက်မြို့ကို ပြန်ရောက်တဲ့အခါ ဆင်းဘတ်မသေဘူးဆိုရင် သူ့ကိုပေး မယ်။ ဒါမှမဟုတ် ဆင်းဘတ် မရှိတော့ဘူးဆိုရင်လည်း သူ့ဆွေမျိုးသားချင်းတွေကို ပေးမယ်'' ဟု ကျွန်ုပ်ရှေ့တွင် ပြောဆိုလေသည်။

သဘော်သားစာရေးလည်း မာလိန်မှူးအား ''ဆရာကြီးရဲ့ ဆုံးဖြတ် ချက်ဟာ အလွန်သင့်မြတ်မှန်ကန်လှပါတယ်''ဟု ဆိုပြီး စာရင်းစာရွက်တွင် သဘော်သား ဆင်းဘတ်၏ အမည်ကို ရေးသွင်းလိုက်လေသည်။

သဘော်မာလိန်မှူးက သဘော်စာရေးအား ကျွန်ုပ်၏ အမည်ကို ကုန်စာရင်းရေးသွင်းရန် ပြောကြားသံကိုကြားသော် ကျွန်ုပ်သည် ကျွန်ုပ်၏ နားကိုပင် မယုံကြည်ဖြစ်လာသည်။ နားကြားများ လွဲသွား၍လားဟူ၍ ထင်မှတ်မိသည်။ အိပ်မက်မက်နေသည်ဟူ၍ပင် ထင်မိသည်။ သို့သော် မာလိန်မှူးကြီး၏ ပြောကြားချက်သည် အမှန်တကယ်ပင် ဖြစ်၏။ ကံတရား

သည် ဆန်းကြယ်ပေစွ။ ကျွန်ုပ်သည် 'သင်္ဘောသားဆင်းဘတ်'ဟူသော ကျွန်ုပ်၏ အမည်ကို ပြတ်ပြတ်သားသား ကြားလိုက်ရသည်မှာ အမှန်ပင် ဖြစ်သည်။

ထိုအချိန်တွင် ကုန်သည်များသည် ပစ္စည်းများကို စုဆောင်းလျက် ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး အရောင်းအဝယ် ကိစ္စများကိုပြောဆိုလျက် ရှိကြသည်။ ကျွန်ုပ်သည် မာလိန်မှူးထံသို့ သွားရောက်၍ "သင်္ဘောမာလိန် မှူးကြီးရယ်၊ ကျွန်ုပ်ကို ရောင်းချခိုင်းတဲ့ ပစ္စည်းပိုင်ရှင် ဆင်းဘတ်ရဲ့ ပုံသဏ္ဍာန်ဟာ ဘယ်လိုမျိုးပါလဲ"ဟု မေးမြန်းသည်။

ထိုအခါ သင်္ဘောမာလိန်မှူးက "သူဟာ ဘဂ္ဂဒက်သားတစ် ယောက် ဖြစ်တာကလွဲလို့ ကျုပ်တာ ကျုပ်မသိဘူး။ ဒါပေမယ့် သူ့နာမည် ဟာ 'သင်္ဘောသားဆင်းဘတ်'လို့တော့ သိတယ်။ ကျုပ်တို့ကျွန်းပေါ်မှာ ရှိနေစဉ် သူဟာတခြားသင်္ဘောပေါ်က လူတွေနဲ့အတူ ရေနစ်သေဆုံးခဲ့တယ်။ အခုအထိ သူ့အကြောင်းကို ဘာမျှ မကြားရတော့ဘူး။ ဒီလောက်ပဲ ကျုပ် သိတယ်။ သင်က ဘာဖြစ်လို့ မေးရတာလဲ"ဟု ကျွန်ုပ်ကို ပြောဆိုသည်။

ထိုအခါ ကျွန်ုပ်သည် စိတ်မထိန်းနိုင်ဘဲ ရှိုက်ကြီးတငင် ငိုကြွေး လိုက်မိသည်။ ထို့နောက် မာလိန်မှူးကြီးအား "အို..မာလိန်မှူးကြီး ကျွန်ုပ် ကို ဘုရားသခင်က ကယ်မတော်မူခဲ့လို့ အခု ကျွန်ုပ်အသက်မသေဘဲ၊ ဒီမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ကျွန်ုပ်ဟာ သင်္ဘောသား ဆင်းဘတ်ပါ။ ရေနစ်သေဆုံးတဲ့ အထဲမှာ ကျွန်ုပ်မပါပါဘူး။ ကျွန်ုပ်ဟာ သင်္ဘောသား အချို့နဲ့အတူ ကျွန်းပေါ်ကို တက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆရာတို့လည်း ကျွန်းပေါ်မှာ ရောက်ရှိနေပါတယ်။ ကျွန်ုပ်လည်း အဖော်တွေနဲ့ ခွဲ ထွက်ပြီး တိတ်ဆိတ်ပြီး အရိပ်အာဝါသကောင်းတဲ့နေရာမှာ ခေတ္တအနားယူပါတယ်။ ကျွန်ုပ်ဆာဆာနဲ့ အစာကို ဝမ်းအပြည့်စားလိုက်တော့ ဗိုက်တင်းပြီး မကြာမီ မျက် လုံးစင်းလာပါတယ်။ နောက်ဆုံး အိပ်မောကျသွားမိပါတယ်။ ကျွန်ုပ် အိပ်ရာမှ နိုးလာတော့ ကျွန်ုပ်နားမှာ ဘယ်သူမှ မရှိတော့ဘူး။ သင်္ဘောလည်း မရှိတော့ဘူး။ ထွက်ခွာသွားပါပြီ။ ဒီပစ္စည်းတွေဟာ ကျွန်ုပ်ပစ္စည်းတွေပါ။

မယုံရင် စိန်တောင်ကြားက ပါလာတဲ့လူတွေကို မေးကြည့်ပါ။ အဲဒီတုန်းက ကျွန်ုပ်အဖြစ်အပျက်တွေကို သူတို့ကိုအား လုံးပြောပြထားပါတယ်။ သူတို့ ကျွန်ုပ်အကြောင်းကို အားလုံးသိပါတယ်။ ကျွန်ုပ် ကျွန်းပေါ်မှာ အိပ်နေတုန်း မာလိန်မှူးကသာ ကျွန်ုပ်ကို မေ့ပြီးထားရစ်ခဲ့တာပါ”ဟု အကြောင်းစုံကို ရှင်းလင်းပြောပြလေသည်။

ကုန်သည်များနှင့် သဘော်သားများသည် ကျွန်ုပ်၏စကားကို ကြားသော် သူတို့သည် ကျွန်ုပ်ထံ ဝိုင်းအုံလာကြပြီး ကျွန်ုပ်ကို သေသေချာချာ ကြည့်ရှုကြသည်။ တချို့က ကျွန်ုပ်အား သဘော်သား ဆင်းဘတ်ဟု ယုံကြည်ကြပြီး တချို့က မယုံကြည်ကြပေ။ ထိုအခါ ကုန်သည်တစ်ယောက်က “ကျွန်ုပ်စကားကို နားထောင်ကြပါ။ သင်တို့ကို ကျွန်ုပ်အံ့သြစရာကောင်းတဲ့ ထူးဆန်းလှတဲ့ ကျွန်ုပ်ရဲ့ ခရီးတစ်ခုအကြောင်း ပြောပြခဲ့တယ် မဟုတ်လား။ မြွေဆိုးကြီးတွေ ပေါများတဲ့ စိန်တောင်ကြား အကြောင်းလေ၊ သင်တို့ မှတ်မိပြီ မဟုတ်လား။ မမှတ်မိသေးရင်လည်း ပြန်ပြောရတာပေါ့။ ကျွန်ုပ်ဟာ စိန်တုံးတွေရရှိဖို့ စိန်တောင်ကြားထဲကို တိရစ္ဆာန်ကောင်တွေ သတ်ပြီး ပစ်ချခဲ့တယ်။ တိရစ္ဆာန်ကောင်ရဲ့ အရေခွံမှာ စိန်တုံးတွေကပ်နေအောင်လေ။ အဲဒီကပ်နေတဲ့ အသေကောင် တိရစ္ဆာန်ကို ရပ်ဟ် ငှက်ကြီးတွေက ချီပြီးတောင်ပေါ်မှာ လာနားမယ်လေ။ ကျွန်ုပ်က ငှက်ကြီးကို ခြောက်လှန့်အော်ဟစ်မောင်းထုတ်ပြီး တိရစ္ဆာန်အသေကောင်ကြီးမှာ ကပ်နေတဲ့စိန်တုံးတွေကို ရယူမှာဖြစ်တယ်။ တစ်နေ့မှာ အခုဒီပုဂ္ဂိုလ်ဟာ အသားတုံး ကြီးနဲ့ကပ်ပြီး ငှက်ကြီးရဲ့ခြေထောက်မှာ ပါလာခဲ့တယ်။ သူက မြွေဆိုးပေါတဲ့ တောင်ကြားထဲမှာ ရောက်နေတဲ့ သူကိုး။ အဲဒီတောင်ကြားထဲကို ဘယ်သူမှ မသွားဝံ့ကြဘူး။ သွားခဲ့ရင်လည်း ပြန်လမ်းမရှိဘူး။ အခု ဒီပုဂ္ဂိုလ်က အဲဒီအန္တရာယ် ပေါများလှတဲ့ စိန်တောင်ကြားက ငှက်ကြီးရဲ့ အကူအညီနဲ့ ပြန်တက်လာခဲ့တယ်။ တော်တော် ဉာဏ်ပညာကြီးမားတဲ့သူပဲ။ ကျွန်ုပ် စိန်တောင်ကြားထဲကို ပစ်ချခဲ့တဲ့ တိရစ္ဆာန်အသေကောင်ကြီးကို သူ့ကိုယ်နဲ့ပတ်လွှမ်းပြီး ငှက်ကြီးအချီကို အသာစောင့်နေတယ်။ ငှက်ကြီး

လည်း အစာကို ကုပ်ချီတော့ သူလည်းပါသွားတာပေါ့။ သူဟာ သူနဲ့အတူ စိန်တွေအများကြီး ပါလာခဲ့တယ်။ သူက ကျွန်ုပ်ကို စိန်တုံးတွေ ခွဲဝေပေးတယ်။ ကျွန်ုပ်လည်း သူနဲ့အတူ ဘာဆာရာမြို့သို့ လိုက်ပါခဲ့တယ်။ အဲဒီနောက် သူလည်း ခရီးဆက်လက် ထွက်သွားတယ်။ သူ့နာမည် 'သင်္ဘောသား ဆင်းဘတ်' လို့လည်း ကျွန်ုပ်ကိုပြောပါတယ်။ အဲဒီလူဟာ သူအစစ်ပါပဲ။ သူဟာ သင်္ဘောကြီးက သူ့ကိုမေ့ကျန်ပြီး ကျွန်းပေါ်မှာ သူကျန်ရစ်ခဲ့တဲ့အကြောင်းလည်း ကျွန်ုပ်ကိုပြောပါတယ်။ ကျွန်ုပ်ပြောတာတွေ သံသယမရှိပါနဲ့။ ဘုရားသခင်ရဲ့ကျေးဇူးကြောင့် သူနဲ့ ပြန်လည်ဆုံတွေ့ရတာ ဖြစ်ပါတယ်။ ဒီကုန်တွေဟာလည်း သူ့ကုန်တွေ အစစ်အမှန်ပါ''ဟု ကျွန်ုပ်ဘက်က ထောက်ခံ၍ အသေအချာ ရှင်းပြနေလေသည်။

ထိုအခါ သင်္ဘောမာလိန်မှူးကြီးလည်း ကျွန်ုပ်အနားသို့ ကပ်လာကာ ကျွန်ုပ်ကိုသေချာစွာကြည့်၍ ကျွန်ုပ်အား ''ဒါဖြင့် သင် သင့်ရဲ့ကုန်ပစ္စည်းတွေပေါ်မှာ ဘယ်လိုအမှတ်အသားတွေ မှတ်သားထားသလဲ''ဟု မေးသည်။

ထိုအခါ ကျွန်ုပ်လည်း သင်္ဘောဖြင့် ဘာဆာရာမြို့မှ ထွက်လာသည်အထိ ကုန်ပစ္စည်းများပေါ်တွင် မှတ်သားထားသည့် အမှတ်အသားများကို ရှင်းပြသည်။ ထိုအခါ မာလိန်မှူးကြီးသည် ကျွန်ုပ်အား ယုံကြည်သွားကာ 'သင်္ဘောသားဆင်းဘတ်' မှန်း သိရှိသွားလေတော့သည်။ သူသည် ကျွန်ုပ်၏လည်ပင်းကို သိုင်းဖက်ကာ ဝမ်းသာအားရစွာဖြင့် ''ဆင်းဘတ်ကလေးရယ်၊ မင်းကို ဒီတစ်သက် ပြန်တွေ့ရလိမ့်မယ်လို့ မထင်မိဘူး။ အခု ဘုရားသခင်ရဲ့ ကျေးဇူးကြောင့် ပြန်တွေ့ရပြီ။ မင်းရဲ့ ကံကြမ္မာကလည်း သိပ်အံ့သြစရာ ကောင်းလှချည်လား။ မင်းရဲ့ အတွေ့အကြုံကလည်း သိပ်ထူးဆန်းလှချည်လား။ ကဲ..မင်းရဲ့ ကုန်ပစ္စည်းတွေ အားလုံးကို ပြန်ယူပေတော့။ ဒီပစ္စည်းတွေဟာ ပိုင်ရှင်အစစ်လက်ထဲ ပြန်ရောက်သွားလို့ ငါဖြင့် ပြောမပြတတ်အောင် ဝမ်းသာတယ်ကွာ''ဟု ပြုံးရယ်ကာ ဆိုလေသည်။

ကျွန်ုပ်သည် မာလိန်မှူးကြီးအား ကျေးဇူးတင်စကား ဆိုကာ

ကျွန်ုပ်၏ပစ္စည်းများကို ယူလိုက်သည်။ ထို့နောက် ကျွန်ုပ်သည် ကုန်ပစ္စည်းများကို ရောင်းချသည်။ ငွေအမြောက်အမြား ရရှိသည်။ ကျွန်ုပ်သည် များစွာပျော်ရွှင်နေမိသည်။

မကြာမီ ကျွန်ုပ်တို့သည် ထိုကျွန်းမှ ထွက်ခွာ၍ ခရီးဆက်လက်နှင်ခဲ့သည်။ ပင်လယ်ခရီးမှာ သာတောင့်သာယာ ရှိလှသည်။ ထိုသို့ဖြင့် ကျွန်ုပ်သည် ဘာဆာရာမြို့သို့ ဆိုက်ရောက်လာခဲ့သည်။ ကျွန်ုပ်သည် ဘာဆာရာမြို့တွင် ခေတ္တခဏနေသည်။ ထို့နောက် ကျွန်ုပ်သည် နေရပ်ဌာနေ ဘဂ္ဂဒက်မြို့သို့ ပြန်လည် ထွက်ခွာလာခဲ့သည်။ ကျွန်ုပ်သည် အိမ်သို့ရောက်သော် ကျွန်ုပ်မိသားစုများသည် ကျွန်ုပ်ကို ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ကြသည်။ ဤခရီးတွင် ကျွန်ုပ်သည် အမြတ်အစွန်းများစွာ ရရှိ၍ သူဆင်းရဲများ၊ မိဘမဲ့များအား အစားအစာများ၊ အဝတ်အထည်များ၊ ငွေများကို စွန့်ကြဲပေးကမ်းသည်။ ကူညီသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ကောင်းမွေ့စားဖွယ်ရာများကို စားသုံးသည်။ အဖိုးတန် အဝတ်အထည်များကို ဝယ်ဝတ်သည်။ ထို့နောက် မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြားကာ အဖိုးတန်စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးပြုစုသည်။ ယခုအချိန်တွင် ကျွန်ုပ်သည် ကျွန်ုပ်ကြုံတွေ့ခဲ့ရသော ဒုက္ခ၊ သုက္ခများအားလုံးကို မေ့လျော့သွားပြီ ဖြစ်သည်။

ဤတွင် သဘော်သားဆင်းဘတ်သည် သူ့အတွေ့အကြုံများကို ပြောပြ၍ ပြီးစီးသွားပြီဖြစ်သည်။

ထို့နောက် သဘော်သားဆင်းဘတ်သည် ကုန်ထမ်းသမားဆင်းဘတ်အား ရွှေဒင်္ဂါးပြားတစ်ရာကို လက်ဆောင်အဖြစ် ပေးသည်။ ကုန်ထမ်းသမား ဆင်းဘတ်သည် ဧည့်သည်များနှင့်အတူ စားပွဲတွင်ထိုင်ကာ ညစာ ကိုသုံးဆောင်လေသည်။ ကုန်ထမ်းသမား ဆင်းဘတ်နှင့်တကွ ဧည့်သည်များသည် သဘော်သားဆင်းဘတ်၏ မယုံနိုင်ဖွယ် ထူးဆန်းလှသည့် အတွေ့အကြုံများကို ကြား၍ အလွန်အံ့သြနေကြလေသည်။ ကုန်ထမ်းသမား ဆင်းဘတ်လည်း သူ့အမည်တူ သဘော်သားဆင်းဘတ်၏ ဘဝ



ကံကြမ္မာ ထူးဆန်းပုံကို တစေ့စေ့ တွေးနေမိလေသည်။ သဘော်သား ဆင်းဘတ်က ကုန်ထမ်းသမား ဆင်းဘတ်အား မနက်ဖြန်တွင် နောက်ထပ် ထူးဆန်းသည့် ခရီးစဉ်တစ်ခုအကြောင်း ပြောပြမည်ဖြစ်၍ လာရောက်ရန် ဖိတ်ကြားသည်။

နောက်တစ်နေ့မနက်တွင် ကုန်ထမ်းသမား ဆင်းဘတ်သည် အိပ်ရာမှထ၍ သဘော်သား ဆင်းဘတ်ထံ လာခဲ့လေသည်။ သဘော်သား ဆင်းဘတ်က ကုန်ထမ်းသမား ဆင်းဘတ်အား လှိုက်လှဲစွာကြိုဆိုပြီး သူနှင့် အတူ ထိုင်ကာ နံနက်စာကို စားသုံးရန် ပြောဆိုသည်။ စားပွဲပေါ်တွင် စားကောင်းသောက်ဖွယ်များသည် စုံလင်လှသည်။ ကုန်ထမ်းသမား ဆင်းဘတ်သည် ဤသို့သော စားသောက်ဖွယ်ရာများကို တစ်ခါမျှ မမြင်ဖူးချေ။ ဧည့်သည်များကလည်း စားဖွယ်ရာများကို မြိန်ရှက်စွာ စားသုံးလျက်ရှိကြသည်။ မကြာမီ သဘော်သား ဆင်းဘတ်သည် ကျွန်ုပ်တို့အား ထူးဆန်းအံ့သြဖွယ်ကောင်းသော ပင်လယ်ခရီးအတွေ့အကြုံတစ်ခုဖြစ်သည့် 'အဂ္ဂုဝါ အဘိုးအို'အကြောင်းကို ပြောပြလေတော့သည်။

❖ ❖ ❖

# အဏ္ဏဝါအဘိုးအို

ကျွန်ုပ်တို့သည် ဘဂ္ဂဒက်မြို့တွင် စည်းစိမ်ဥစ္စာ ရတနာများဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ စည်းစိမ်ခံစားလျက်ရှိစဉ် တစ်နေ့တွင် ကျွန်ုပ်သည် ခရီးသွားလိုစိတ် ပြန်၍ ဖြစ်ပေါ်လာပြန်လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကုန်ပစ္စည်းများကို ဝယ်ယူစုဆောင်းပြီး ဘာဆာရာဆိပ်ကမ်းမြို့သို့ ထွက်ခွာလာခဲ့လေသည်။ သင်္ဘောဆိပ်တွင် သင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ ထိုသင်္ဘောကြီးသည် အလွန်ကောင်းမွန်လှသည်။ ကြီးမားရှည်လျားလှသည့် သင်္ဘောသစ်ကြီးဖြစ်သည်။ သင်္ဘောကြီးသည် ထွက်ခွာရန် အဆင်သင့်ဖြစ်နေသည်။ သင်္ဘောပေါ်တွင် ကုန်သည်များ၊ သင်္ဘောသားများ၊ ကုန်ပစ္စည်းများဖြင့် ပြည့်နှက်လျက်ရှိသည်။

မကြာမီ သင်္ဘောသည် ဘာဆာရာဆိပ်ကမ်းမှ စတင်ထွက်လာခဲ့သည်။ သင်္ဘောကြီးသည် ပင်လယ်များ၊ ကျွန်းများ၊ တိုင်းပြည်များကို တစ်ခုပြီးတစ်ခု ဖြတ်သန်းလာခဲ့သည်။

တစ်နေ့တွင် ကျွန်ုပ်တို့သည် ကျွန်းတစ်ကျွန်းသို့ ရောက်ရှိလာခဲ့သည်။ ထိုကျွန်းတွင် လူဟူ၍မရှိ။ သို့သော် ကျွန်းပေါ်တွင် ဖြူဖြူခုံးခုံး အရာဝတ္ထုကြီးတစ်ခုကို တွေ့ရသည်။ အမိုးခုံးဖြင့် တည်ဆောက်ထားသော ကြီးမားလှသည့် အဆောက်အအုံကြီးဖြစ်သည်။ သဲပေါ်တွင် တစ်ဝက်မြုပ်၍

တည်ဆောက်ထားသည်။ ကုန်သည်များသည် အဆိုပါ ဖြူဖြူခုံးခုံး အဆောက်အအုံကြီးကို ကြည့်ရှုရန် သင်္ဘောပေါ်မှ ဆင်းလာခဲ့ကြသည်။ ကျွန်ုပ်ကမူ သင်္ဘောပေါ်တွင် ချန်နေရစ်ခဲ့သည်။ ကုန်သည်များသည် ဖြူဖြူခုံးခုံးအဆောက်အအုံအနီးသို့ ရောက်ရှိလာသော် သူတို့သည် ကျောက်ခဲများ၊ တုတ်များဖြင့် ဖြူဖြူခုံးခုံးကြီးကို ထုရိုက်ကြသည်။ မကြာမီ ဖြူဖြူခုံးခုံးကြီး အထဲမှ ချွဲပျစ်ပျစ်အရည်များသည် အပြင်သို့ စီးကျလာလေသည်။ အမှန်မှာ ဖြူဖြူခုံးခုံးကြီးသည် အဆောက်အအုံ မဟုတ်ပါ။ ရပ်ဟ်ငှက်ဥကြီးသာ ဖြစ်ပါသည်။ ရပ်ဟ်ငှက်သည် အလွန်ကြီးသော ငှက်ကြီးဖြစ်၍ သူ့ဥမှာလည်း အလွန်ကြီးလှပါသည်။ ဥကြီးသည် သဲထဲတွင် တစ်ဝက်မြုပ်နေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့က သဲပေါ်တွင် တဝက်ပေါ်နေသော ရပ်ဟ်ဥကြီးကို ဖြူဖြူခုံးခုံးအဆောက်အအုံကြီးဟု ထင်မှတ်နေခြင်းသာ ဖြစ်ပါသည်။



မကြာမီ ဥထဲမှ အရည်များနှင့်အတူ ရပ်ဟပ်ငှက် ပေါက်စကလေး တစ်ကောင်သည် အပြင်သို့ ထွက်လာပါသည်။ ကုန်သည်များသည် ရပ်ဟပ် ငှက် ပေါက်စကလေးကို ဆွဲထုတ်ပြီး လည်ပင်းကို လှီးဖြတ်လိုက်ကြပါ သည်။ ငှက်အသားကို စားသုံးရန်ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် သင်္ဘောပေါ်တွင်ရှိ၍ သူတို့ဘာလုပ်နေကြ သည်ကို ကျွန်ုပ်မသိပါ။ ထို့ နောက် ကုန်သည်တစ်ယောက်သည် ကျွန်ုပ်ထံသို့ လာရောက်၍ ကျွန်ုပ်အား "တို့တတွေ အမိုးနဲ့အဆောက်အအုံကြီးလို့ ထင်နေတဲ့ ဖြူဖြူရုံးရုံးကြီး ဟာ အဆောက်အအုံကြီး မဟုတ်ဘူး။ အဲဒါ ငှက်ဥကြီး ဖြစ်တယ်။ ဒီလောက်ကြီးတဲ့ ဥကြီးကို ဒီတစ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးတယ်။ ခင်ဗျားလာကြည့်လှည့်"ဟု အံ့သြတကြီး ဖိတ်ခေါ်နေပါသည်။

ကျွန်ုပ်လည်း သူနှင့်အတူ ငှက်ဥကြီးကို သွားရောက်ကြည့်ရှုပါ သည်။ ကုန်သည်များသည် ငှက်ဥခွံကြီးကို ကျောက်တုံးများဖြင့် ထုခွဲလျက် ရှိကြသည်။ ကျွန်ုပ်လည်း စိုးရိမ်ကြီးစွာဖြင့် သူတို့အား ချက်ချင်းပင် "ဟော့..ဟော့ ရပ်ကြ၊ ရပ်ကြ၊ ဒီဥကြီးကို သွားမထိကြနဲ့။ ရပ်ဟပ်ငှက် ကြီးက သူ့ဥကြီးကိုထိလို့ ငါတို့သင်္ဘောကို လာဖျက်ဆီးပြီး ငါတို့အားလုံးကို သတ်လိမ့်မယ်"ဟူ၍ တားမြစ်ကာ သတိပေးစကား ပြောကြားပါသည်။

သို့သော် သူတို့သည် ကျွန်ုပ်၏စကားကို နားမထောင်ကြပါ။ သူတို့သည် ဥကြီးကို ကျောက်ခဲများဖြင့် ဆက်လက်ထုခွဲလျက် ရှိနေကြ ပါသည်။

မကြာမီ နေ့လယ်နေ့ခင်း ဖြစ်သော်လည်း ကောင်းကင်သည် ရုတ်တရက် မည်းမှောင်သွားပါသည်။ နေရောင်သည် ပျောက်ကွယ်သွား ပါသည်။ ကျွန်ုပ်တို့က ကြီးမားသော တိမ်တိုက်ကြီးတစ်ခုသည် ကောင်း ကင်တွင် လွင့်မျောသွား၍ နေရောင်ပျောက်ပြီး မှောင်မည်းသွားခြင်းဖြစ် သည်ဟု ထင်ခဲ့မိကြပါသည်။ သို့သော် ကျွန်ုပ်တို့ အထင်မှာ တက်တက်စင် လွဲမှားသွားပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက် သောအခါ တိမ်တိုက်ကြီးကို မမြင်ရဘဲ ရပ်ဟပ်ငှက်ကြီးတစ်ကောင် ပျံသန်း

နေသည်ကိုသာ တွေ့ရပါသည်။ ငှက်ကြီး၏အတောင်ပံကြီးသည် အလွန်ကြီးမား၍ နေရောင်ကို ကွယ်ထားသကဲ့သို့ ဖြစ်နေခြင်း ဖြစ်ပါသည်။

ရပ်ဟ်ငှက်ကြီးသည် သူ့ဥကြီး ကွဲကြေပျက်စီးနေသည်ကို မြင်သော် အသံဆိုးကြီးဖြင့် တအား အော်မြည်လိုက်ပါသည်။ သူ့အသံကြားသော် အခြား ရပ်ဟ်ငှက်တစ်ကောင်သည် ချက်ချင်းရောက်ရှိလာလေသည်။ ထို့နောက် ရပ်ဟ်ငှက်နှစ်ကောင်သည် ကျွန်ုပ်တို့သင်္ဘောကို ပတ်ချာဝိုင်းကာ ပျံသန်းလျက် မိုးကြိုးပစ်သံထက် ပို၍ ကျယ်လောင်သော အသံဖြင့် ဆူညံစွာ အော်ဟစ်မြည်ကြွေးနေကြလေသည်။ သူတို့သည် ငှက်ဖိုနှင့် ငှက်မ ဖြစ်ဟန်တူသည်။

ကျွန်ုပ်သည် မာလိန်မှူးအား "ကဲ..မာလိန်မှူးကြီးရေ၊ ဒီငှက်ဆိုးကြီးတွေ ကျွန်ုပ်တို့ကို မသတ်ခင် ပင်လယ်ထဲကို ရွက်လွှင့်မှ ကောင်းမယ်ထင်တယ်"ဟု ပြောဆိုလိုက်ပါသည်။

ထိုသို့ဖြင့် ကျွန်ုပ်နှင့် ကုန်သည်များသည် သင်္ဘောဆီသို့ အမြန်ဆုံး ပြေးလာပြီး တက်လိုက်ကြသည်။ မကြာမီ ကျွန်ုပ်တို့သင်္ဘောသည် ပင်လယ်ထဲသို့ အမြန်ဆုံး ရွက်လွှင့်ထွက်ခွာခဲ့သည်။ ငှက်ကြီးနှစ်ကောင်သည် ကျွန်ုပ်တို့ သင်္ဘောကြီး ရွက်လွှင့်သွားသည်ကိုမြင်သော် သူတို့သည် ကျွန်းဘက်သို့ ပြန်လှည့်၍ ပျံသန်းသွားကြသည်။ သို့သော် မကြာမီ ငှက်ကြီးနှစ်ကောင်သည် ကျွန်ုပ်တို့သင်္ဘောဆီသို့ ပျံသန်းရောက်ရှိလာကြပြန်သည်။ သို့သော် ငှက်ကြီးနှစ်ကောင်သည် တောင်ကုန်းပေါ်မှ အလွန်ကြီးမားသော ကျောက်တုံးကြီး တစ်တုံးစီကို ခြေဖြင့်ကုပ်ချီလာခဲ့ကြသည်ကို တွေ့ကြရသည်။

မကြာမီ ငှက်ဖိုကြီးသည် ကျွန်ုပ်တို့ သင်္ဘောတည့်တည့်ဆီသို့ ပျံဝဲလာပြီး သူချီယူလာသည့် ကျောက်တုံးကြီးကို သင်္ဘောပေါ်သို့ လွှတ်ချလိုက်လေသည်။ သို့သော် သင်္ဘောမာလိန်မှူးကြီးသည် သင်္ဘောကို ဘေးဘက်သို့ လှည့်၍ ရှောင်လိုက်သည်။ ထိုအခါ ကျောက်တုံးကြီးသည် သင်္ဘောကြီး၏ ဘေးနားသို့ကပ်၍ ရေထဲသို့ ကျသွားသည်။ အလွန်ကြီးမား

သော လှိုင်းလုံးကြီးသည် ချက်ချင်းပင် မြင့်တက်သွားလေသည်။ ကျွန်ုပ်တို့ သင်္ဘောသည်လည်း လှိုင်းလုံးကြီးနှင့်အတူ အမြင့်သို့ရောက်ရှိသွားလေသည်။ ထို့နောက် လှိုင်းလုံးကြီးသည် အောက်သို့ ဝုန်းခနဲ ပြန်ကျသွားရာ ကျွန်ုပ်တို့သင်္ဘောမှာလည်း ပင်လယ်ကြမ်းပြင်သို့ ရောက်သွားသကဲ့သို့ နိမ့်ဆင်းကျသွားလေသည်။

ထိုအခါ ရပ်ဟ်ငှက်မကြီးသည် သူချီယူလာသည့် ကျောက်တုံးကြီးကို ကျွန်ုပ်တို့သင်္ဘောပေါ် တည့်တည့်သို့ ပစ်ချလိုက်ပြန်လေသည်။ ဤတစ်ကြိမ်တွင်မူ ကျွန်ုပ်တို့၏သင်္ဘောကြီးသည် ကျောက်တုံးကြီးကို ရှောင်တိမ်း၍မရ လိုက်တော့ဘဲ ကျောက်တုံးကြီးသည် သင်္ဘောပေါ်သို့ တည့်တည့်ကျသွားလေသည်။ သင်္ဘောကြီးသည် ငှက်ဥကြီးကွဲသကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားပြီး မကြာမီ ရေအောက်သို့ နစ်မြုပ်သွားလေသည်။ ကျွန်ုပ်တို့အားလုံးလည်း ရေထဲသို့ ကျသွားလေသည်။



ကျွန်ုပ်သည် ရေထဲတွင် အတန်ကြာကူးခပ်နေခဲ့ရာ ဘုရားသခင်၏ စောင်မမှုကြောင့် သင်္ဘောပျက်မှ ပျဉ်ချပ်တစ်ခုကိုတွေ့၍ ပျဉ်ချပ်ကို တွယ်ရင်း ကူးခပ်လာခဲ့သည်။ နောက်ဆုံးတွင် ကျွန်ုပ်သည် လှိုင်းလေ၏ သယ်ဆောင်တွန်းပို့မှုကြောင့် ကျွန်းတစ်ကျွန်း၏ ကမ်းခြေပေါ်တွင် သွားရောက်တင်သွားလေသည်။ ကျွန်ုပ်သည် ကမ်းခြေပေါ်တွင် ခြေကုန်လက်ပန်းကျကာ ပစ်လှဲအနားယူနေမိသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်းပေါ်တွင် လှည့်လည်ကြည့်ရှုရာ ဤကျွန်းကြီးမှာ အလွန်လှပသော ကျွန်းကြီးတစ်ကျွန်းဖြစ်နေသည်ကို တွေ့ရလေသည်။ ကောင်းကင်ဘုံမှ ဥယျာဉ်ကြီးတစ်ခုအလား ထင်မှတ်မှားမိလေသည်။ သစ်ပင်များတွင် သစ်သီးများသည် ဝင်းမှည့်နေကြသည်။ စမ်းချောင်းရေကလည်း ကြည်လင်အေးမြလှသည်။ ပန်းမန်များသည် လှပ၍ မွှေးမြနေကြလေသည်။ သစ်ပင်ထက်ဆီမှ ငှက်တို့၏ တေးဆိုသံကလည်း သာယာနာပျော်ဖွယ်ပင်။

ကျွန်ုပ်သည် သစ်သီးများကို အားရပါးရ ခူးစားသည်။ စမ်းရေကို အဝသောက်သည်။ ထို့နောက် ကျွန်ုပ်သည် ညအချိန်ရောက်သည်အထိ ထိုင်၍အနားယူနေသည်။ ကျွန်းပေါ်တွင် လူဟူ၍ တစ်စွန်းတစ်စမျှ မမြင်ရ။ လူသံလည်း မကြားရပေ။ ညအချိန်ရောက်သော် ကျွန်ုပ်သည် နံနက်မိုးလင်းအထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ပါသည်။ နံနက်လင်းသော် ကျွန်ုပ်သည် အရိပ်အာဝါသကောင်းသည့် သစ်ပင်အောက်တွင် လမ်းလျှောက်နေမိပါသည်။

မကြာမီ ကျွန်ုပ်သည် ရေတွင်းကြီးတစ်ခုသို့ ရောက်ရှိလာပါသည်။ ရေတွင်းနားတွင် ကြည်ညိုစရာကောင်းသည့် အဘိုးအိုတစ်ဦး ထိုင်နေသည်ကို တွေ့ရသည်။ ခါးတွင် သစ်ရွက်ထူကြီးကို ပတ်ထားသည်။ ကျွန်ုပ်သည် သူ့အနားသို့ သွားရောက်၍ အဘိုးအိုအား နှုတ်ဆက်သည်။ သူကလည်း ကျွန်ုပ်ကို လက်ပန်းခြေပန်းပြ၍ ပြန်လည်နှုတ်ဆက်သည်။ အဘိုးအိုသည် ကျွန်ုပ်စကားကို ပြန်မပြောတတ်ချေ။

ကျွန်ုပ်က သူ့အား "ဆရာကြီး၊ ဒီမှာ ဘာလို့တစ်ယောက်တည်း

ဘိတ်တိတ်ဆိတ်ဆိတ် ထိုင်နေရသလဲ''ဟု မေးမြန်းသည်။ ထိုအခါ အဘိုးအိုက နာကျင်သော မျက်နှာဖြင့် ခေါင်းခါကာ သူ့ကို ကျောပေါ်တင်၍ ကုန်းပေါ် ခေါ်ဆောင်သွားရန် ကျွန်ုပ်အား လက်ဟန်ခြေဟန် ပြလေသည်။

အဘိုးအိုသည် နာမကျန်းဖြစ်နေ၍သာ ကျွန်ုပ်အား အကူအညီ တောင်းခြင်း ဖြစ်ဟန်တူသည်။ သူ့ကို ကရုဏာထားပြီး သူ့လိုအင်ဆန္ဒ အတိုင်း ဆောင်ရွက်ပေးလျှင် ကုသိုလ်ရရှိနိုင်သည်ဟု သဘောပေါက်ကာ ကျွန်ုပ်သည် သူ့ကိုကျောပေါ်တင် ကုန်းပိုး၍ သူညွှန်ပြသည့်အတိုင်း သွားလို ရာသို့ ပို့ဆောင်ပေးလေသည်။ ထို့နောက် ကျွန်ုပ်သည် သူ့အား ''အဘိုး ရောက်ချင်တဲ့နေရာကို ရောက်ပြီ၊ အဘိုးဆင်းပေတော့''ဟု ဆိုသည်။ သို့သော် အဘိုးအိုသည် ကျွန်ုပ်၏ကျောပေါ်မှ မဆင်းချေ။ ထို့ပြင် သူ့ခြေ နှစ်ချောင်းဖြင့် ကျွန်ုပ်၏လည်ပင်းကို ချိတ်ညှပ်ထားလိုက်လေသည်။ သူ့ ခြေထောက်များသည် ဝက်သားရေကဲ့သို့ မည်း၍ကြမ်းတမ်းသည်။ အမွေး အမှင်များလည်း ပေါက်ရောက်နေသည်။ ကျွန်ုပ်လည်း ကြောက်လန့် တကြားဖြင့် သူ့ကို ကိုယ်ပေါ်မှ ခါချသည်။ သို့သော် အဘိုးအိုက သူ့ခြေ ထောက်မည်းကြီးများဖြင့် ကျွန်ုပ်၏လည်ပင်းကို ဖျစ်ညှစ်လိုက်သည်။ ကျွန်ုပ် သည် အသက်ရှူ၍မရ အောင်ဖြစ်သွားသည်။

ထို့နောက် အဘိုးအိုသည် ကျွန်ုပ်အားသူ့ကို သစ်ပင်များကြားမှ ခေါ်ဆောင်သွားရန် လက်ဟန်ခြေဟန်ပြသည်။ သူ့အမိန့်အတိုင်း မလိုက်နာ လျှင် သူက ကျွန်ုပ်ကို ခြေဖြင့်ကန်ကျောက်သည်။ သူ့ခြေသည် ပြင်းလှ သည်။ တုတ်ဖြင့် ရိုက်သည်ထက်ပင်ပို၍ နာကျင်လှသည်။ ထိုသို့ဖြင့် ကျွန်ုပ်သည် သူ့ကို သူသွားလိုရာ နေရာသို့ ပို့ဆောင်ပေးရလေသည်။ ကျွန်ုပ်သည် ဤကျွန်းပေါ်တွင် သူ့အတွက် မြင်းတစ်ကောင်ပင် ဖြစ်ချေ သည်။ သူသည် သူသွားလိုရာသို့ ကျွန်ုပ်ကို မြင်းတစ်ကောင်နှယ် စီး၍သွား သည်။ ကျွန်ုပ်သည် နေ့နှင့်ညပါ မနားရချေ။ သူသွားလိုရာသို့ ပို့ပေးနေ ရသည်။ ကျွန်ုပ်သည် သေသွားလျှင် ကောင်းမည်ဟု အခါခါ ဆုတောင်းနေ မိသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ဘူးသီးများ ပြွတ်ခဲပေါက်ရောက်နေသည့် ဘူးပင်ကြီးများနားသို့ ရောက်ရှိလာသည်။ ကျွန်ုပ်သည် ဘူးသီးခြောက် ဂစ်လုံးကို ဆွတ်ယူလိုက်ပြီး ဘူးသီးခေါင်းကို ဖြတ်လိုက်သည်။ ထို့နောက် အထဲမှ အသားခြောက်များနှင့်အစေ့များကို ခြစ်ထုတ်လိုက်သည်။ ပြီးသော် ကျွန်ုပ်သည် ဘူးပင်များနားတွင် ပေါက်ရောက်နေသော စပျစ်သီးများကို ခူးကာ ဘူးသီးခေါင်းထဲသို့ အရည်ညှစ်၍ ထည့်ပါသည်။ ဘူးသီးခြောက်ကြီးထဲတွင် အရည်များပြည့်သော် ဘူးသီးခြောက်ကြီးကို အဖုံးဖြင့် သေချာစွာ ဖုံးအုပ်လိုက်ပါသည်။ ရက်အတန်ကြာလာသည့်အခါ ဘူးသီးခြောက်ထဲမှ အရည်များသည် စပျစ်အရက်များ ဖြစ်လာပါသည်။ ကျွန်ုပ်သည် နေ့စဉ် အရက်ကို မူးမေ့အောင်သောက်၍ ကျွန်ုပ်၏စိတ်ဒုက္ခများကို ဖြေဖျောက်နေပါသည်။ ကျွန်ုပ်သည် အရက်မူးနေစဉ် ဒုက္ခ၊ သောကဟူ၍ ဘာမျှမရှိတော့ဟု ထင်မှတ်နေပါသည်။

တစ်နေ့တွင် ကျွန်ုပ်အရက်သောက်နေစဉ် အဘိုးအိုသည် ကျွန်ုပ်အား ဝိုင်အရက်ကို ဘာလဲဟုမေးပြီး သူ့ကိုပေးရန် လက်ဟန်ခြေဟန်ဖြင့် ပြပါသည်။

ကျွန်ုပ်ကလည်း အဘိုးအိုအား "ဒီအရည်ဟာ လောကမှာ အရသာအရှိဆုံး အရက်ဖြစ်တယ်။ လူကို ပျော်ရွှင်မြူးစေတယ်။ အားခွန်ဗလဖြစ်စေတယ်"ဟူ၍ ရှင်းပြပါသည်။

ထို့နောက် ကျွန်ုပ်သည် အရက်မူးမူးဖြင့် သူ့ကို ကုန်းပိုးကာ သစ်ပင်ကြားတွင် ကခုန်နေလေသည်။ ကျွန်ုပ်သည် လက်ခုပ်လက်ဝါးတီး၍ သီချင်းများသီဆိုသည်။ သူသည် ကျွန်ုပ်ကိုကြည့်၍ ပျော်ရွှင်နေပုံရသည်။

ထို့နောက် အဘိုးအိုသည် ဝိုင်အရက်များကိုယူ၍ အဝသောက်လေသည်။ အဘိုးအိုသည် အရက်ရှိန်မြင့်လာ၍ ပိုမူးလာဟန်တူသည်။ ဘူးသီးခြောက်ထဲမှ အရက်များမှာလည်း လုံးဝတက်တက်စင် ပြောင်သွားပြီ ဖြစ်သည်။ သူသည် ဘူးသီးခြောက်ကြီးကို မြေပေါ်သို့ လွှင့်ပစ်လိုက်သည်။ သူသည် ကျွန်ုပ်နှင့် လက်ခုပ်လက်ဝါးတီးကာ သီချင်းဆိုသည်။ ကျွန်ုပ်ကို

နူးမူးဖြင့် ကန်ကျောက်သည်။

ကျွန်ုပ်၏ခန္ဓာကိုယ်ပေါ်တွင် သူသည်ယိမ်းထိုးလျက် ရှိနေသည်။ ကျွန်ုပ်ကို ညှပ်ထားသော သူ့ခြေထောက်မှာလည်း ပျော့ခွေလာသည်။ အားမရှိတော့ပေ။ ကျွန်ုပ်လည်း ကျွန်ုပ်လည်ပင်းတွင် ချိတ်ထားသော သူ့ခြေထောက်ကို ဆွဲခွာ၍ သူ့ကိုယ်လုံးကြီးကို အောက်သို့ ပစ်ချလိုက်လေသည်။ ယခုအခါ ကျွန်ုပ်သည် သူ့လက်တွင်းမှ လွတ်မြောက်သွားပြီ ဖြစ်သည်။ သို့သော် အဘိုးအိုသည် အမူးပြေလာလျှင် ကျွန်ုပ်ကို ထပ်မံနှိပ်စက်ဦးမည် ဖြစ်သည်။ ကျွန်ုပ်သည် သူ့ကိုအပြတ်ရှင်းနိုင်မှ သူ့ရန်မှ ကင်းလွတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် သစ်ပင်တစ်ပင် အောက်မှ ကျောက်တုံးကြီးတစ်တုံးကို ရှာဖွေ၍ ယူဆောင်လာခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် အဘိုးအိုအား ကျောက်တုံးဖြင့် ထုသတ်လိုက်လေသည်။

အဘိုးအိုးကား မြေပေါ်တွင် သေဆုံးသွားပြီ ဖြစ်သည်။ ကျွန်ုပ်လည်း ကိုယ်လက်သန့်စင် ဆေးကြောပြီး သဘော်တစ်စင်းတလေ လာလိုလာငြား ပင်လယ်ကို ဝေးမော စောင့်ကြည့်နေမိသည်။ တစ်နေ့တွင် သဘော်တစ်စင်းသည် ကျွန်ုပ်၏ကျွန်းဆီသို့ ရွေးရှုလာနေသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရလေသည်။ မကြာမီ သဘော်သားများသည် ကျွန်းပေါ်သို့ တက်လာကြလေသည်။ သူတို့သည် ကျွန်ုပ်ကိုမြင်သော် ကျွန်ုပ်ထံသို့ ပြေးလာကြသည်။ ထို့နောက် ကျွန်ုပ်အား ဤကျွန်းသို့ မည်သို့မည်ပုံ ရောက်ရှိလာသည် ဆိုသည်ကို မေးမြန်းကြသည်။ ကျွန်ုပ်လည်း ဖြစ်ပျက်ပုံအလုံးစုံကို သူတို့အား အစမှအဆုံး ပြန်လည်ပြောပြသည်။ သူတို့သည် ကျွန်ုပ်၏စကားကိုကြားသော် များစွာအံ့သြသွားကြပြီး "သင့်ရဲ့ကျောပေါ်မှာ ခွစီးတဲ့သူ ကို အဏ္ဏဝါအဘိုးအိုလို့ ခေါ်တယ်။ သူဟာ သင့်လိုပဲ လူတွေရဲ့ လည်ပင်းကို သူ့ခြေထောက်နဲ့ညှပ်ချိတ်ပြီး သူသွားချင်တဲ့နေရာကို ပို့ခိုင်းတယ်။ သူ့ထံမှ အသက်ရှင်ပြီး ပြန်လာတဲ့သူရယ်လို့ တစ်ယောက်မျှ မရှိဘူး။ သူ့ထံမှာပဲ အသက်ဆုံးပါးကုန်ကြတယ်။ သေသွားရင်လည်း အဲဒီလူရဲ့

အသားကို စားတယ်''ဟု ပြောဆိုကြသည်။

ထို့နောက် သူတို့သည် ကျွန်ုပ်အား အဝတ်အထည်များ၊ စားစရာများပေးပြီး သင်္ဘောပေါ်သို့ ခေါ်ဆောင်သွားကြသည်။

''ယခု ကျွန်ုပ်ပြောပြချက်သည် ''အဏ္ဏဝါအဘိုးအို'' အကြောင်းဖြစ်သည်။ သင်စိတ်ဝင်စားဖွယ်ဖြစ်မည် ထင်ပါသည်''ဟု သင်္ဘောသားဆင်းဘတ်က ကုန်ထမ်းသမား ဆင်းဘတ်ကို ပြောဆိုသည်။ ထို့နောက် ကုန်ထမ်းသမားဆင်းဘတ်သည် ဧည့်သည်များနှင့်အတူ သင်္ဘောသားဆင်းဘတ် တည်ခင်းကျွေးမွေးသော ညစာကို စားသုံးသည်။ ညစာစားသုံးကြပြီးသော် သင်္ဘောသား ဆင်းဘတ်သည် ကုန်ထမ်းသမား ဆင်းဘတ်အား ရွှေဒင်္ဂါးပြားတစ်ရာကို လက်ဆောင်အဖြစ် ပေးအပ်လိုက်လေသည်။

မောင်ခေတ်ထွန်း